# ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လအထိ ကာလအတွင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပြည်သူသို့အစီရင်ခံစာ

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အနေဖြင့် ဘက်စုံ၊ ကဏ္ဍစုံမှ အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယင်းဆောင်ရွက်ချက်များအနက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိကာလအတွင်း ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်၏ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုများကို အကျဉ်းချုပ်၍ ပြည်သူများသို့ အစီရင်ခံတင်ပြအပ်ပါသည်။

## ရခိုင်ပြည်နယ်၏ စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးမှု

### စီးပွားရေးဇုန်



ကညင်ချောင်းစီးပွားရေးဇုန်စီမံကိန်း

- ရခိုင်ပြည်နယ် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မောင်တောမြို့၊ ကညင်ချောင်းစီးပွားရေးဇုန် A (၄၉.၅၈) ဧက တည်ဆောက်ခြင်းလုပ်ငန်းမှာ လုပ်ငန်းအားလုံး၏ (၈၂ %) ပြီးစီးပြီ ဖြစ်ပါသည်။



ကျောက်ဖြူအထူးစီးပွားရေးဇုန်
ရေနက်ဆိပ်ကမ်းစီမံကိန်း

ကျောက်ဖြူအထူးစီးပွားရေးဇုန်ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် Transaction Document ပါ စာချုပ်များဖြစ်သည့် Concession Agreement နှင့် Share-holders Agreement များ ချုပ်ဆိုနိုင်ရေး ညှိနှိုင်းခြင်းများဆောင်ရွက်လျက်ရှိပါသည်။ Environmental Impact Assessment (EIA)/Social Impact Assessment (SIA)နှင့် Geological & Topographical -G.T Survey ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်း ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်လျက်ရှိသည့်အပြင် နိုင်ငံတကာစီမံကိန်းစီမံခန့်ခွဲမှုအကြံပေးအဖွဲ့ (International Project Management Consultant -PMC) ငှားရမ်းဆောင်ရွက်ခြင်းအဖြစ် ဩစတြေးလျနိုင်ငံအခြေစိုက် HATCH Pty Ltd. ကုမ္ပဏီအား ရွေးချယ်ဆောင်ရွက်လျက်ရှိပါသည်။

## ရင်းနှီးမြှုပ်နှံမှု

- ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ဒေသခံပြည်သူလူထု ပိုမိုပါဝင်နိုင်ရန် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ ကုမ္ပဏီမှတ်ပုံတင်ဆောင်ရွက်နိုင်ခဲ့မှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| (၁-၁-၂၀၁၈) မှ (၃၀-၄-၂၀၁၈) ထိ | (၁-၅-၂၀၁၈) မှ (၃၁-၈-၂၀၁၈) ထိ | (၁-၉-၂၀၁၈) မှ (၃၁-၁၂-၂၀၁၈) ထိ | (၁-၁-၂၀၁၉) မှ (၃၀-၄-၂၀၁၉) ထိ | (၁-၅-၂၀၁၉) မှ (၃၁-၈-၂၀၁၉) ထိ |
|---|---|---|---|---|
| ၇၅ ခု | ၈၅ ခု | ၇၃ ခု | ၃၂ ခု | ၄၆ ခု |

- ဒေသစီးပွားရေးဖွံ့ဖြိုးမှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုကို အထောက်အကူပြုစေရန် ငပလီမြို့တွင် ဂျာမနီနိုင်ငံအခြေစိုက် Stiftunglife Foundation ၏ ပူးပေါင်းကူညီမှုဖြင့် "ပလပ်စတစ် ပြန်လည်သန့်စင်အသုံးပြုသောစက်ရုံ"ကို(၈-၁-၂၀၁၉)ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပါသည်။
- ပုဂ္ဂလိကကုမ္ပဏီများနှင့် ပူးပေါင်း၍ "Rakhine State Investment Fair 2019" ကို (၂၁-၂-၂၀၁၉) ရက်နေ့မှ (၂၃-၂-၂၀၁၉) ရက်နေ့အထိ ကျင်းပနိုင်ခဲ့ပါသည်။




ငပလီမြို့တွင် "Rakhie State Investment Fair 2019" အခမ်းအနား ကျင်းပခြင်း

- မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေအရ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း(၂၅)ခု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း(၂၈)ခုတို့ ဆောင်ရွက်လျက်ရှိပါသည်။
- အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း (SME)လုပ်ငန်းရှင်များ ချေးငွေရရှိမှု လွယ်ကူစေရန် လုပ်ငန်းရှင်ဖြစ်ကြောင်း သက်ဆိုင်ရာဘဏ်များသို့ ထောက်ခံချက်ပေးလျက်ရှိရာ အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း လုပ်ငန်းရှင်(၃၇)ဦးသို့ ထောက်ခံချက် ထုတ်ပေးခဲ့ပါသည်။

## ခရီးသွားလုပ်ငန်း

- ခရီးသွားလုပ်ငန်းကဏ္ဍစနစ်တကျ ပိုမိုဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် "ရခိုင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ"၊ မာန်အောင်ကျွန်းခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ပင်မစီမံကိန်း ကြီးကြပ်ရေးကော်မတီများ စနစ်တကျ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။



ရခိုင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီ၏ (၂/၂၀၁၉) ကြိမ်မြောက်လုပ်ငန်း ညှိနှိုင်းအစည်းအဝေး

## အလုပ်သမားမှတ်ပုံတင်ခြင်း

| | | | |
|---|---|---|---|
| မှတ်ပုံတင်ခြင်း | ကျား(၄၆၁၈)ဦး | မ(၅၉၀၁)ဦး | စုစုပေါင်း (၁၀၅၁၉)ဦး |
| အလုပ်အကိုင်ရရှိ | ကျား(၆၀၆)ဦး | မ (၂၅၃)ဦး | စုစုပေါင်း (၈၅၉)ဦး |

| | | | |
|---|---|---|---|
| MobileTeam ဖြင့်မှတ်ပုံတင်ခြင်း | ကျား(၁၀၆)ဦး | မ(၅၂)ဦး | စုစုပေါင်း (၁၅၈)ဦး |
| အလုပ်အကိုင်ရရှိ | ကျား(၉၂)ဦး | မ (၄၂)ဦး | စုစုပေါင်း (၁၃၄)ဦး |

## သင်တန်းဖွင့်လှစ်ဆောင်ရွက်မှု



အခြေခံစက်ချုပ်နည်းပညာသင်တန်း၊ သင်ပုန်းတန်းကျေးရွာ၊ စစ်တွေမြို့



တစ်လုံးထိုး အင်ဂျင်သင်တန်း
အစိုးရနည်းပညာအထက်တန်းကျောင်း(စစ်တွေမြို့)

ရခိုင်ပြည်နယ်အတွင်း အလုပ်အကိုင်အခွင့်အလမ်းတိုးမြှင့်ရရှိစေရန်အတွက် သင်တန်းများဖွင့်လှစ်ဆောင်ရွက်မှုအနေဖြင့် ယခုအစိုးရင်ခံသည့်ကာလတွင် သင်တန်းစုစုပေါင်း (၁၁၆)ကြိမ်ကို သင်တန်းသား (၂၉၆၉)ဦးဖြင့် ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ယခင်ကာလများအလိုက်သင်တန်း ဖွင့်လှစ်မှုကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် -

| စဉ် | သင်တန်းအမည် | (၁-၁-၂၀၁၈) မှ (၃၀-၄-၂၀၁၈) ထိ | (၁-၅-၂၀၁၈) မှ (၃၁-၈-၂၀၁၈) ထိ | (၁-၉-၂၀၁၈) မှ (၃၁-၁၂-၂၀၁၈) ထိ | (၁-၁-၂၀၁၉) မှ (၃၀-၄-၂၀၁၉) ထိ | (၁-၅-၂၀၁၉) မှ (၃၁-၈-၂၀၁၉) ထိ |
|---|---|---|---|---|---|---|
| ၁ | ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီမှုရှိသော အသက်မွေးဝမ်းကျောင်းသင်တန်း | - | ၄၆၇ ဦး (၂၀ ကြိမ်) | ၈၉၃ ဦး (၂၈ ကြိမ်) | ၃၇၀ ဦး (၂၇ ကြိမ်) | ၇၂၆ ဦး (၁၁ ကြိမ်) |
| ၂ | အမျိုးသမီးဦးစားပေး အသက်မွေးဝမ်းကျောင်း သင်တန်း | ၅၆၈ ဦး (၄၂ ကြိမ်) | ၄၉၁ ဦး (၁၉ ကြိမ်) | ၇၇၉ ဦး (၃၀ ကြိမ်) | ၇၃၀ ဦး (၂၈ ကြိမ်) | ၇၉၉ ဦး (၃၄ ကြိမ်) |
| ၃ | ငွေကြေး/စီးပွားရေး၊ ပညာပေးသင်တန်း | - | - | - | ၁၄၆ ဦး (၆ ကြိမ်) | ၁၉၈ ဦး (၁၀ ကြိမ်) |
| | စုစုပေါင်း | ၅၆၈ ဦး (၄၂ ကြိမ်) | ၉၅၈ ဦး (၃၉ ကြိမ်) | ၁၆၇၂ ဦး (၅၈ ကြိမ်) | ၁၂၄၆ ဦး (၆၁ ကြိမ်) | ၁၇၂၃ ဦး (၅၅ ကြိမ်) |

## လမ်းပန်းဆက်သွယ်ရေး



သံတွဲ-ကင်းမော်လမ်းပေါ်ရှိ လက်ပံစုတံတား ပြီးစီးမှု



ဗိန္ဒုတောင်-ရမ်းဖြူလမ်းပေါ်ရှိ ရမ်းသစ်ကြီးတံတားပြီးစီးမှု

- ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်ဆဲတံတား(၂၀)စင်းနှင့် လုပ်ငန်းသစ်တံတား(၂၉)စင်း စုစုပေါင်း တံတား(၄၉)စင်း တည်ဆောက်လျက်ရှိရာ ပန်းဖဲချောင်းတံတား၊ လက်ပံစုတံတားနှင့် ရမ်းသစ်ကြီး တံတား(၃)စင်းမှာ (၁၀၀%) ပြီးစီးပြီ ဖြစ်ပါသည်။

- ကင်းချောင်း၊ ပြွန်ရှည်၊ ကျောက်တန်း၊ ခရမ်းချောင်း၊ ရာမောင်၊ ခရုချောင်းစသည့်တံတားများ အပါအဝင် တံတား(၄၆)စင်းမှာ (၅၀.၀၄%)ပြီးစီးပြီ ဖြစ်ပါသည်။
- မေယုတောင်ကျော်လမ်းများဖြစ်သည့် ကျောက်ပန္နူ-အင်းဒင်-စေတီပြင်လမ်းနှင့် ကြိမ်ချောင်း-ဂုပ္ပိတောင်ကျော်လမ်းတို့အား လမ်းသစ်ဖောက်လုပ်ခြင်း၊ အမာခံလမ်းခင်းခြင်းနှင့် (၅၀')အောက် Box Culvert(၆၆စင်း)ကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။



ကျောက်ပန္နူ-အင်းဒင်-စေတီပြင်လမ်းဆောင်ရွက်နေမှု



မင်းပြားမြို့နယ်၊ အဝကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း ဆောင်ရွက်ပြီးစီးမှု



ဂွမြို့နယ်၊ ရှောက်ကုန်းကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း ဆောင်ရွက်ပြီးစီးမှု

- ကုန်ထုတ်လမ်း(၉)လမ်း (ပေါက်တော၊ မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ ဘူးသီးတောင်၊ ကျောက်ဖြူ၊ အမ်း၊ သံတွဲနှင့် ဂွမြို့နယ်)ကို (၁၀၀%) ဆောင်ရွက်ပြီး ဖြစ်ပါသည်။
- အလားတူကုန်ထုတ်တံတား (၂၂)စင်း (ပေါက်တော၊ မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ ဘူးသီးတောင်၊ သံတွဲ၊ ဂွမြို့နယ်)ကိုလည်း ရာနှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်ခဲ့ပါသည်။

## ပို့ဆောင်ရေးကဏ္ဍ

### ရေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍတွင်-



ကစ္ဆပနဒီ - ၃ ရေယာဉ်

- ပုဂ္ဂလိကရေယာဉ်လိုင်း (၂၂)လိုင်း၊ မြစ်တွင်းသွား ကုန်တင်ရေယာဉ် (၅၁)စီး၊ မြင်းကောင်ရေ (၂၀)အထက် ကုန်တင်ရေယာဉ် (၉၀၃)စီး၊ မြင်းကောင်ရေ (၂၀)အောက် ကုန်တင်ရေယာဉ် (၅၉၁)စီးတို့ ပြေးဆွဲလျက်ရှိပါသည်။
- ဂျပန်နိုင်ငံပြည်သူများက ပေးအပ်လှူဒါန်းသည့် ဂျပန်ယန်း သန်း (၁၀၀၀)တန်ဖိုးရှိ ကမ်းရိုးတန်းသွား"ကစ္ဆပနဒီ-၃"အမြန်ရေယာဉ်အသစ်သည် (၅-၄-၂၀၁၉)ရက်နေ့မှစ၍ စစ်တွေ-ကျောက်ဖြူခရီးစဉ်ကို ကမ်းရိုးတန်းလမ်းကြောင်းအတိုင်း တိုက်ရိုက်ပြေးဆွဲလျက် ရှိပါသည်။
- သင်္ဘော၊ စက်လှေများ၏ ပင်လယ်လုံခြုံမှု (Life Saving Appliance Certificate) အား (၁-၁-၂၀၁၉) ရက်နေ့မှ (၃၁-၈-၂၀၁၉) ရက်နေ့အထိ (၁၉၃) ကြိမ် ထုတ်ပေးနိုင်ခဲ့ပါသည်။
- ကားကြီး၊ ကားသေး (၂၅)စီးခန့် တင်ဆောင်နိုင်သော Landing Craft (၂၀၀' x ၅၀' x ၁၀') အရွယ် ရေယာဉ်(၁)စီးအား ရန်ကုန်မြို့ရှိ ဒဂုံဆိပ်ကမ်းသင်္ဘောကျင်းတွင် တည်ဆောက်လျက်ရှိရာ ပြီးစီးပါက စစ်တွေ-မောင်တောကားလမ်းပေါ်ရှိ ရေချမ်းပြင်နှင့် အငူမော်ကူးတို့လမ်းတွင် အသုံးပြုသွားနိုင်မည် ဖြစ်ပါသည်။

## မီးရထားသယ်ယူပို့ဆောင်ရေး



ပြည်တော်သာ-ရေချမ်းပြင်လမ်းပိုင်း
တာဘောင်ပြုပြင်ထားရှိမှုအခြေအနေ




စစ်တွေဘူတာ ခရီးသည်နားနေဆောင် ဆောင်ရွက်ပြီးစီးမှု

- ပြည်တော်သာ-ရေချမ်းပြင်လမ်းပိုင်းနှင့် ကွမ်းတောင်-ကျောက်တော်လမ်းပိုင်းတို့တွင် တာပေါင်နှင့် သံလမ်းပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး၊ ကျောက်တော်-မြောက်ဦးလမ်းပိုင်းတွင် မြေသား တာဘောင် မြေပြန်လည်ညှိခြင်းလုပ်ငန်း(၃.၆၉)မိုင်နှင့် ဇေဗုဂျာ-ရေချမ်းပြင် ဘူတာကြား တံတား ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးပြီဖြစ်ပါသည်။ အချိန်အခါမဟုတ် မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် စစ်တွေမီးရထားဘူတာ ခရီးသည်နားနေဆောင် အမိုးပြန်လည် ပြုပြင်ခြင်းလုပ်ငန်းကို (၉-၈-၂၀၁၉)ရက်နေ့တွင် အပြီးဆောင်ရွက်ခဲ့ပါသည်။

## လေကြောင်းသယ်ယူပို့ဆောင်ရေး

- အစီရင်ခံသည့်ကာလအတွင်း ရခိုင်ပြည်နယ်ခရီးစဉ်များကို ပြည်တွင်းခရီးစဉ်အားလုံး၏ (၁၅.၅%) ပျံသန်းပို့ဆောင်ပေးနိုင်ခဲ့ပြီး၊ (၄)လတာကာလများအလိုက် ပျံသန်းပို့ဆောင်ပေးနိုင်မှုကို အောက်ပါ အတိုင်းတင်ပြအပ်ပါသည်-






## တယ်လီဖုန်း၊ အင်တာနက်နှင့် ဆက်သွယ်ရေးကဏ္ဍ



(၁-၁-၂၀၁၉)ရက်နေ့မှ (၃၁-၈-၂၀၁၉) ရက်နေ့အထိ မိုဘိုင်းရေဒီယိုစခန်း တည်ဆောက်မှုအနေဖြင့် (၁၅၂)ခု၊ Fibre Optic Cable (၂၈၀)ကီလိုမီတာ၊ အော်တိုတယ်လီဖုန်းလိုင်း (၆၀)ခု တိုးချဲ့ခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

| စဉ် | အကြောင်းအရာ | (၁-၁-၂၀၁၈) မှ (၃၀-၄-၂၀၁၈) ထိ | (၁-၅-၂၀၁၈) မှ (၃၁-၈-၂၀၁၈) ထိ | (၁-၉-၂၀၁၈) မှ (၃၁-၁၂-၂၀၁၈) ထိ | (၁-၁-၂၀၁၉) မှ (၃၀-၄-၂၀၁၉) ထိ | (၁-၅-၂၀၁၉) မှ (၃၁-၈-၂၀၁၉) ထိ |
|---|---|---|---|---|---|---|
| ၁ | မိုဘိုင်းရေဒီယိုစခန်း တည်ဆောက်မှု | ၇၇ ခု | ၆၇ ခု | ၁၂၆ ခု | ၉၄ ခု | ၅၈ ခု |
| ၂ | Fibre Optic Cable | ၈၄ Km | ၁၂၃ Km | - | ၁၈ Km | ၂၆၂ Km |
| ၃ | စာတိုက်စခန်း | ၂၈ ခု | - | ၂ ခု | - | - |
| ၄ | အော်တိုတယ်လီဖုန်းလိုင်း | - | - | ၁၇ ခု | ၆၀ ခု | - |
| ၅ | ADSL Internet Line | ၃၆၅ ခု | | ၁၂ ခု | - | - |
| ၆ | OK$ (Mobile Money) | - | - | ကျေးရွာ(၁၆)ရွာ | - | - |

## လျှပ်စစ်ကဏ္ဍ

- ရခိုင်ပြည်နယ်အတွင်းရှိ မြို့ပေါင်း (၂၆) မြို့အနက် (၂၂) မြို့နယ်ရှိ အိမ်ထောင်စု (၁၁၂၅၆၂)စုမှာ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားရရှိနေပြီး ကျန်(၄)မြို့ (ခမောင်းဆိပ်၊ တောင်ပြိုလက်ဝဲ၊ မာန်အောင်၊ မြင်းလွတ်)ကို အခြားနည်းလမ်း(ဒီဇယ်)ဖြင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးထားပါသည်။
- ယခင်က ရခိုင်ပြည်နယ်အတွင်း (၆၇.၀၃ %)လျှပ်စစ်မီးရရှိခဲ့ပြီး၊ ယခု အစိုးရင်ခံသည့်ကာလတွင် ကျိန္တလီနှင့်ပတ်ဝန်းကျင်ကျေးရွာများမှ အိမ်ထောင်စု(၁၆၂၇)စုနှင့် စနဲမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ အိမ်ထောင်စု (၂၉၀)စုတို့ လျှပ်စစ်မီးရရှိရေး တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့သဖြင့် ရခိုင်ပြည်နယ်၏(၆၇.၄၉%) လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်ပြီဖြစ်ပါသည်။



ကျိန္တလီမြို့အား ဓာတ်အားစနစ်မှ ဓာတ်အားစတင်ဖြန့်ဖြူးပေးခြင်း



စနဲမြို့အား ဓာတ်အားစနစ်မှဓာတ်အား စတင်ဖြန့်ဖြူးပေးခြင်း



ဇင်ချောင်း-စနဲဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမှု



ဆတ်ရိုးကျဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမှု

| စဉ် | မြို့နယ် | လျှပ်စစ်ဓာတ်အားရရှိရေးလုပ်ငန်း | ပြီးစီးမှု |
|---|---|---|---|
| ၁ | စစ်တွေမြို့၊ ဆတ်ရိုးကျရပ်ကွက် အပါအဝင် ကျေးရွာ(၁၇)ရွာ ဓာတ်အားပေးရန် | ၆၆ကေဗွီ ဓာတ်အားလိုင်း(ဝ.၆)မိုင်၊ ၆၆/၁၁ကေဗွီ ၂၀ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း | ၈၀ % |
| ၂ | အမ်းမြို့နယ်၊ ကဇုကိုင်းကျေးရွာ အပါအဝင် ကျေးရွာ(၅၃)ရွာ ဓာတ်အားပေးရန် | ၃၃/ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း ၃၃/ကေဗွီလိုင်း (၄.၅၁) မိုင် | Transformer ဝယ်ယူရန် (၁၇-၆-၂၀၁၉) ရက်နေ့တွင် စာချုပ် ချုပ်ဆိုပြီး |
| ၃ | သံတွဲမြို့နယ်၊ ကျောက်ကြီး ကျေးရွာအပါအဝင် ကျေးရွာ (၃၈)ရွာ ဓာတ်အားပေးရန် | ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း ၆၆/ကေဗွီလိုင်း (၁၆.၆၇) မိုင် ၁၁/ကေဗွီလိုင်း (၃၆) မိုင် ၄၀၀ ဗို့လိုင်း (၁၆) မိုင် ၁၁/ဝ.၄ ကေဗွီ ထရန်စဖော်မာ (၄၄)လုံးတည်ဆောက်ခြင်း | Transformer နှင့် ဓာတ်အားလိုင်း ပစ္စည်းများ ဝယ်ယူရန် (၁၇-၆-၂၀၁၉) ရက်နေ့တွင် စာချုပ် ချုပ်ဆိုပြီး |
| ၄ | ကြိမ်ချောင်းကျေးရွာအပါအဝင် ကျေးရွာ (၁၇) ရွာ ဓာတ်အား ပေးရန် | ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံ၊ ၆၆ ကေဗွီ ဓာတ်အားခွဲရုံနှင့်၊ ၆၆ ကေဗွီအေ ဓာတ်အား လိုင်းတည်ဆောက်ခြင်း | ၅၈ % ပြီးစီး |

## ဆိုလာစနစ်ဖြင့် မီးလင်းရေးဆောင်ရွက်နိုင်မှု

ရခိုင်ပြည်နယ်အတွင်း နိုင်ငံတော်ဓာတ်အားစနစ်မရသေးသော ကျေးရွာများ၌ ဆိုလာစနစ်ဖြင့် မီးလင်းရေးကို အောက်ပါအတိုင်း ဆောင်ရွက်ပေးခဲ့ပါသည် -

| (၁-၁-၂၀၁၈) မှ (၃၀-၄-၂၀၁၈) ထိ | (၁-၅-၂၀၁၈) မှ (၃၁-၈-၂၀၁၈) ထိ | (၁-၉-၂၀၁၈) မှ (၃၁-၁၂-၂၀၁၈) ထိ | (၁-၁-၂၀၁၉) မှ (၃၀-၄-၂၀၁၉)ထိ | (၁-၅-၂၀၁၉) မှ (၃၁-၈-၂၀၁၉) ထိ |
|---|---|---|---|---|
| ဆိုလာမီး (၈၀၉၂)စုံ တပ်ဆင်ရန်အတွက် တင်ဒါရွေးချယ်ခြင်း၊ စာချုပ် ချုပ်ဆိုခြင်း | ဆိုလာမီး (၂၆၀၈) စုံနှင့် ကျေးလက်မီးလင်းရေး (NEP)စနစ်ဖြင့် ဆိုလာမီး (၅၀၅၆)စုံ တပ်ဆင်ခြင်း | ပြန်လည်ထူထောင်ရေး ထပ်တိုးလုပ်ငန်းများအတွက် ဆိုလာမီး(၃၅၉)စုံနှင့် ကျေးလက်မီးလင်းရေး(NEP) စနစ်ဖြင့် ဆိုလာမီး(၆၉) စုံ တပ်ဆင်ပေးခဲ့ခြင်းနှင့် (၁၃၃၉၄)စုံ အတွက် ထပ်မံ စာချုပ် ချုပ်ဆိုခြင်း | ဆိုလာမီး (၁၃၃၉၄) စုံ တပ်ဆင်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း | ၂၀၁၉ ခုနှစ်၊ ဩဂုတ်လကုန်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ပစ္စည်းများရောက်ရှိ နေပြီဖြစ်ပါသည်။ |

## ရေရရှိရေး

ကျေးလက်ဒေသရေရရှိရေးလုပ်ငန်းများအနေဖြင့် ယခုအစီရင်ခံသည့်ကာလတွင် လုပ်ငန်း(၁၅၇)ခု ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယခင်ကာလများအလိုက် ဆောင်ရွက်ပြီးစီးမှုကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | လုပ်ငန်း | (၁-၁-၂၀၁၈) မှ (၃၀-၄-၂၀၁၈) ထိ | (၁-၅-၂၀၁၈) မှ (၃၁-၈-၂၀၁၈) ထိ | (၁-၉-၂၀၁၈) မှ (၃၁-၁၂-၂၀၁၈) ထိ | (၁-၁-၂၀၁၉) မှ (၃၀-၄-၂၀၁၉) ထိ | (၁-၅-၂၀၁၉) မှ (၃၁-၈-၂၀၁၉) ထိ |
|---|---|---|---|---|---|---|
| ၁ | လက်တူးတွင်း | ၇၉ ခု | ၇၂ ခု | ၃၀ ခု | ၁၁ ခု | ၁၉ ခု |
| ၂ | ရေကန် | ၈၉ ခု | ၄ ခု | ၆၃ ခု | ၁၇ ခု | ၅၃ ခု |
| ၃ | စိမ့်စမ်း | ၂ ခု | - | ၁၆ ခု | ၇ ခု | ၇ ခု |
| ၄ | ရေကန်အနက်နှိုက်ခြင်း | ၄၄ ခု | - | - | - | - |
| ၅ | တွင်းတိမ် | - | - | ၅ ခု | - | ၅ ခု |
| ၆ | တွင်းနက် | - | - | - | - | ၁ ခု |
| ၇ | အခြားရေရရှိရေး | ၂၅ ခု | ၂၁ ခု | ၅ ခု | ၂၂ ခု | ၁၅ ခု |
| | စုစုပေါင်း | ၂၃၉ ခု | ၉၇ ခု | ၁၁၉ ခု | ၅၇ ခု | ၁၀၀ ခု |

## မြစိမ်းရောင်ကျေးရွာစီမံကိန်း

ကျေးလက်ကဏ္ဍတွင်(၂၀၁၈-၂၀၁၉)ဘဏ္ဍာရေးနှစ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်ကျေးရွာ(၈၀)အတွက် ရန်ပုံငွေကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်း၊ ရန်ပုံငွေလွှဲပြောင်းခြင်း၊ သင်တန်းဖွင့်လှစ်ပေးခြင်း၊ ငွေထုတ်ချေးခြင်းများ ဆောင်ရွက်ပြီးဖြစ်ပါသည်။



သံတွဲမြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း



ရသေ့တောင်မြို့နယ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးနေမှု

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

ပြည်သူလူထုကိုယ်တိုင်ကျေးရွာများ၏ ပကတိလိုအပ်ချက်များဖော်ထုတ်ပြီး ကဏ္ဍအလိုက် ဖွံ့ဖြိုးရေး အစီအစဉ်များကို စနစ်တကျစုပေါင်းပြီး ကဏ္ဍပေါင်းစုံပါဝင်သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက် လျက်ရှိရာ–

- မြို့နယ်(၁၂)မြို့နယ်ရှိ ကျေးရွာ(၁၄၁)ရွာတွင် ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပြီး ထပ်တိုးကျေးရွာများအနေဖြင့် မာန်အောင်၊ သံတွဲ၊ တောင်ကုတ်နှင့် မြေပုံမြို့နယ်တို့တွင် ထောက်ပံ့ ငွေကျပ်သန်း(၂၀)နှုန်းဖြင့် ကျေးရွာ(၈)ရွာတွင် လမ်းတံတား လုပ်ငန်း(၇)ခု၊ ရေပေးရေးလုပ်ငန်း(၁)ခု အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းအားလုံး၏ (၅၈%) ပြီးစီးပြီ ဖြစ်ပါသည်။
- မြို့နယ်(၁၂)မြို့နယ်ရှိ ကျေးရွာ (၃၀)ရွာတွင် ကျေးလက်အိမ်ရာ (၃၀၀)လုံး လျာထားရာ (၁၆၆)လုံးမှာ ရာနှုန်းပြည့်ဆောင်ရွက်ပြီး (၁၀၇)လုံးမှာ (၉၀%)ကျော်၊ (၂၀)လုံးမှာ (၈၀ %)ကျော် (၇)လုံးမှာ (၄၀%)ပြီးစီးနေပြီ ဖြစ်ပါသည်။



သံတွဲမြို့နယ်၊ မျှော်ဝမ်းကျေးရွာ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းပြီးစီးမှု



ကျောက်တော်မြို့နယ်၊ စံပယ်လှကျေးရွာတွင် ကျေးလက်အိမ်ရာ ဆောင်ရွက်ပြီးစီးမှု

## လူထုဗဟိုပြုစီမံကိန်း

ကမ္ဘာ့ဘဏ်၏ အကူအညီအထောက်အပံ့ဖြင့် လူထုဗဟိုပြုစီမံကိန်းကို ဆောင်ရွက်လျက်ရှိရာ ဂွမြို့နယ် နှင့် ပုဏ္ဏားကျွန်းမြို့နယ်တို့တွင် ကျေးရွာ (၃၄၉)ရွာအနက်မှ –

- ဂွမြို့နယ်ရှိ ကျေးရွာအုပ်စု (၃၃)အုပ်စုမှ ကျေးရွာ (၁၅၆)ရွာအတွက် စီမံကိန်းလုပ်ငန်းခွဲပေါင်း (၁၀၄)ခု လျာထားရာ လမ်းတံတား(၅၆)ခု၊ စာသင်ကျောင်း (၁)ကျောင်း၊ ကျေးရွာခန်းမ(၂)ခု၊ ရေပေးရေး (၉)ခု၊ မီးလင်းရေး(၁)ခု နှင့် အခြား(၁)ခု စုစုပေါင်း (၇၀)ခု ဆောင်ရွက်ပြီး ဖြစ်ပါသည်။
- ပုဏ္ဏားကျွန်းမြို့နယ်ရှိ ကျေးရွာအုပ်စု (၉၂)အုပ်စုမှ ကျေးရွာ (၁၉၃)ရွာအတွက် လျာထားသည့် စီမံကိန်း လုပ်ငန်းခွဲပေါင်း (၆၀)အနက် ကျေးရွာအုပ်စု (၃၈) အုပ်စုမှ ကျေးရွာ(၅၇)ရွာတွင် လမ်းတံတား(၃၀)ခု အခြားလုပ်ငန်း(၁)ခု စုစုပေါင်း(၃၁)ခု ဆောင်ရွက်ပြီး ဖြစ်ပါသည်။



ဂွမြို့နယ်၊ တောင်ပေါက်ကျေးရွာအုပ်စု၊ ဆင်ကူးကျေးရွာ ရေကန်ပြုပြင်ခြင်းနှင့် ရေစက်ရုံတည်ဆောက်ခြင်း



ပုဏ္ဏားကျွန်းမြို့နယ်၊ သရက်ချိုကျေးရွာ မြေသားရေကန် တာပေါင်မြှင့်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်း

## စက်ပစ္စည်းများ အစားထိုးသုံးစွဲခြင်း



ကျောက်တော်မြို့နယ်၊ ဒေါင်းတောင်ယိုးကျေးရွာတွင် မိုးစပါးရိတ်သိမ်း ခြွေလှေ့ခြင်း



တောင်ကုတ်မြို့နယ်၊ ဆားပြင်ကျေးရွာတွင် တောင်သူများသို့ လက်တွန်းထွန်စက်များ ရောင်းချပေးခြင်း

အစီရင်ခံသည့်ကာလအတွင်း ဌာနပိုင်စက်ယန္တရားများဖြင့် မိုးစပါး(၂၁၈၈၇)ကေလွာ ထွန်ယက်စိုက်ပျိုးနိုင်ခဲ့ပြီး၊ ၎င်းတို့အနက် ဌာနပိုင်ရိတ်သိမ်းခြွေလှေ့စက်များဖြင့် (၂၂၇၂)ဧက ရိတ်သိမ်းနိုင်ရေး ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါသည်-

| စဉ် | ကာလ | စိုက်ပျိုးမှု(ကေလွာ) (မိုးစပါး) | ရိတ်သိမ်းခြွေလှေ့ခြင်း (ဧက) |
|---|---|---|---|
| ၁ | (၁-၅-၂၀၁၈) ရက်နေ့မှ(၃၁-၈-၂၀၁၈) ရက်နေ့အထိ | ၁၃၅၃၂ | - |
| ၂ | (၁-၉-၂၀၁၈) ရက်နေ့မှ(၃၁-၁၂-၂၀၁၈) ရက်နေ့အထိ | ၆၀၉၅ | ၄၇၉၀ |
| ၃ | (၁-၁-၂၀၁၉) ရက်နေ့မှ(၃၀-၄-၂၀၁၉) ရက်နေ့အထိ | ၆၇၉၀ | ၂၂၇၂ |
| ၄ | (၁-၅-၂၀၁၉) ရက်နေ့မှ(၃၁-၈-၂၀၁၉) ရက်နေ့အထိ | ၁၅၀၉၇ | - |

အစီရင်ခံသည့်ကာလအတွင်း တောင်သူများသို့ အရစ်ကျငွေချေစနစ်ဖြင့် ထွန်စက်ကြီး (၆)စီး၊ လက်တွန်းထွန်စက် (၃၈၃)စီး၊ ခြွေလှေ့စက် (၃)စီး ရောင်းချနိုင်ခဲ့ပြီး ယခင်ကာလများရောင်းချခဲ့မှုကို အောက်ပါအတိုင်းတင်ပြအပ်ပါသည်-

| စဉ် | ကာလ | ထွန်စက်ကြီး | လက်တွန်း ထွန်စက် | ခြွေလှေ့စက် |
|---|---|---|---|---|
| ၁ | (၁-၅-၂၀၁၈) ရက်နေ့မှ(၃၁-၈-၂၀၁၈) ရက်နေ့အထိ | - | ၃၉၂ | - |
| ၂ | (၁-၉-၂၀၁၈) ရက်နေ့မှ(၃၁-၁၂-၂၀၁၈) ရက်နေ့အထိ | - | ၁၈ | ၂ |
| ၃ | (၁-၁-၂၀၁၉) ရက်နေ့မှ(၃၀-၄-၂၀၁၉) ရက်နေ့အထိ | ၅ | ၁၅၁ | - |
| ၄ | (၁-၅-၂၀၁၉) ရက်နေ့မှ(၃၁-၈-၂၀၁၉) ရက်နေ့အထိ | ၁ | ၂၃၂ | ၃ |



စပါးများကို အခြောက်ခံ တာရှည် သိုလှောင်ထိန်းသိမ်းထားနိုင်ရန်အတွက် တန်(၃၅၀)ဆံ့ Silo တည်ဆောက်ခြင်း လုပ်ငန်းသည် (၁၆-၂-၂၀၁၉) ရက်နေ့တွင် ၁၀၀ % ပြီးစီးပြီဖြစ်ပါသည်။



## အရည်အသွေးပြည့်မီသည့် မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များ ဖြန့်ဝေပေးခြင်းနှင့် ခေတ်မီစိုက်ပျိုးနည်းစနစ်များအသုံးပြု၍ စိုက်ပျိုးခြင်း



သံတွဲမြို့နယ်တွင် မိုးစပါးမျိုးစေ့ထောက်ပံ့ပေးအပ်ခြင်း



ကျောက်တော်မြို့နယ်တွင် မြေပဲမျိုးစေ့ထုတ်စိုက်ခင်း ဆောင်ရွက်ထားရှိမှု



မြေဩဇာ၊ ပိုးသတ်ဆေး၊ မျိုးစေ့အရောင်းဆိုင်များအား စစ်ဆေးခြင်း

- မျိုးစေ့ထုတ်စိုက်ခင်းများအနေဖြင့် ဆောင်းမြေပဲ (၁၃)ဧက၊ မတ်ပဲ(၆)ဧက၊ နွေစပါး(၂၅)ဧက၊ မိုးစပါး (၆၀၂) ဧက ဆောင်ရွက်ပြီး ဖြစ်ပါသည်။
- မျိုးကောင်းမျိုးသန့်၊ မျိုးစေ့များ ဖြန့်ဖြူးခြင်းအနေဖြင့် နွေစပါး (၁၉၈.၅)တင်း ၊ မတ်ပဲ (၈၃.၅)တင်း၊ မြေပဲ (၃၄၄၁)တင်း၊ ပဲတီစိမ်း(၈၅)တင်း၊ မိုးစပါး(၄၁၀၉၂.၅)တင်း၊ ဖြန့်ဖြူးပေးခဲ့ပါသည်။
- မျိုးသန့်စိုက်ပျိုးရေးဇုန် ထူထောင်ခြင်းအနေဖြင့် မြေပဲစိုက်ပျိုးရေးဇုန် (၅၆၅.၅)ဧက၊ ဘိုကိတ်စိုက်ပျိုးရေးဇုန်(၆၀)ဧက၊ ဆီမှန်ညွှင်းစိုက်ပျိုးရေးဇုန် (၁၅၀)ဧကနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးဇုန် (၉၀) ဧက မိုးစပါး (၃၀၂၅)ဧကဇုန် တည်ထောင်ခဲ့ပါသည်။
- ဌာနပိုင်စက်ယန္တရားများဖြင့် နွေစပါး(၅၀၁)ဧက စိုက်ပျိုးနိုင်ခဲ့ပြီး၊ ၎င်းတို့အနက် ဌာနပိုင်ရိတ်သိမ်းခြွေလှေ့စက်များဖြင့် နွေစပါး (၁၀၅)ဧက ရိတ်သိမ်းနိုင်ခဲ့ပြီး၊ နွေစပါး(၇၃၈၀) တင်း ရရှိခဲ့ပါသည်။
- နည်းပညာပေးစံပြကွက်များအနေဖြင့် နွေစပါးစံပြကွက် (၆၄)ဧက၊ နွေစပါး (စပါးအစွမ်းဖွင့် စိုက်နည်းစနစ်)(System of Rice Intensification- SRI) စံပြကွက် (၁၆)ဧက၊ ဆောင်းမြေပဲစံပြကွက် (၉၃)ဧက၊ မတ်ပဲစံပြကွက် (၂၈)ဧက၊ နေကြာစံပြကွက် (၅)ဧက၊ ပဲတီစိမ်းစံပြကွက် (၂၅)ဧက၊ မိုးစပါး (Box စနစ်ဖြင့် စိုက်ပျိုးခြင်း)(Raised Bed)(၃၃၅)ဧက၊ မိုးစပါး (စပါးအစွမ်းဖွင့် စိုက်နည်းစနစ်) (System of Rice Intensification- SRI) (၄၇)ဧက၊ မိုးစပါး (တိုက်ရိုက် အစေ့ချစနစ်ဖြင့် စိုက်ပျိုးခြင်း)(Seeder) (၁၈၇)ဧကနှင့် မိုးစပါး (စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ) (Good Agricultural Practices-GAP)(၈၈)ဧက ဆောင်ရွက်ခဲ့ပါသည်။
- သုတေသနစမ်းသပ်ကွက်များအနေဖြင့် ဆောင်းမြေပဲ (စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ စိုက်ပျိုးရန်ပေးသောမျိုးဖြင့် စိုက်ပျိုးခြင်း)(Department of Agriculture Research-DAR) စမ်းသပ်ကွက် (၁)ကွက်၊ နွေစပါးစိုက်နည်း စမ်းသပ်ကွက်(၂)ကွက်၊ မိုးစပါးနည်းစနစ်စမ်းသပ်ကွက်(၁၆)ကွက်၊ မိုးစပါးသီးနှံပုံစံ စမ်းသပ်ကွက် (၃၀)ကွက်နှင့် မိုးစပါး(စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ စိုက်ပျိုးရန်ပေးသောမျိုးဖြင့် စိုက်ပျိုးခြင်း)(Department of Agriculture Research-DAR) စမ်းသပ်ကွက်(၁၇)ကွက် ဆောင်ရွက်ခဲ့ပါသည်။
- စိုက်ပျိုးပြီးစီးမှုအနေဖြင့် မိုးစပါး-၅၁၁၄၁၆ ဧက ၊ နှမ်း-၃၃၇၇ဧက၊ မြေပဲ-၁၇၃၇ ဧက၊ ချက်ကြံရှင်-၆၅ ဧက၊ ပဲစဉ်းငုံ- ၇၂၇ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။
- မြေဩဇာအရောင်းဆိုင်စစ်ဆေးခြင်း (၁၄၅)ကြိမ်၊ ပိုးသတ်ဆေးအရောင်းဆိုင်စစ်ဆေးခြင်း (၁၄၅) ကြိမ်၊ မျိုးစေ့အရောင်းဆိုင်စစ်ဆေးခြင်း (၃၀)ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။

## စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးလုပ်ငန်း



တောင်သူပညာပေးဆွေးနွေးပွဲ၊ မြေပုံမြို့နယ်

- တောင်သူပညာပေးသင်တန်း(၁၁၈)ကြိမ်ဖြင့် သင်တန်းသား (၄၄၃၃)ဦး၊ သင်တန်းသူ (၁၈၄၆)ဦး စုစုပေါင်း (၆၂၇၉)ဦး အား အသိပညာပေးနိုင်ခဲ့ပါသည်။
- စိုက်ပျိုးရေးဆိုင်ရာဝန်ထမ်းစွမ်းဆောင်ရည်မြှင့်သင်တန်း (၆၃) ကြိမ်ဖြင့် သင်တန်းသား(၉၁၂)ဦး၊ သင်တန်းသူ (၄၄၃)ဦး စုစုပေါင်း (၁၃၅၅)ဦးအား အသိပညာပေး နိုင်ခဲ့ပါသည်။
- စက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုသင်တန်း (၁)ကြိမ်ကို သင်တန်းသား(၃၀)ဦးဖြင့် ဆောင်ရွက်ခဲ့ပါသည်။
- ၂၀၁၉ ခုနှစ် မိုးချေးငွေ(၇၂၀၀၃.၆၀၀)သန်းကို မြို့နယ် (၁၇)မြို့နယ်မှ တောင်သူများသို့ ထုတ်ချေးခဲ့ပါသည်။
- မြေနှင့်အဆောက်အဦအာမခံယူ၍ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင် (၁၀၂)ဦးသို့ ချေးငွေကျပ် (၃.၁၃၈) ဘီလီယံ ထုတ်ချေးခဲ့ပါသည်။
- (၃)နှစ်၊ (၅)နှစ် သက်တမ်းရှိသော ချေးငွေများကို (၉ %) အတိုးဖြင့် ထုတ်ချေးလျက်ရှိရာ တောင်သူလယ်သမားလုပ်ငန်းရှင်(၁၀)ဦးသို့ ကျပ်(၃၈.၉၀၀)သန်း ထုတ်ချေးခဲ့ပါသည်။
- တောင်သူ(၁)ဦးအား ဆန်စက်(၁)လုံးအတွက် ကျပ်သန်း (၅၀.၀၀) ထုတ်ချေးခဲ့ပါသည်။
- မိုးစပါးပြကွင်း(၂၅)ကြိမ်၊ နွေစပါးပြကွင်း(၅)ကြိမ်၊ ဆောင်းသီးနှံ(၁)ကြိမ်၊ မြေဩဇာပြုလုပ်သုံးစွဲနည်း (၃)ကြိမ် ပြုလုပ်ခဲ့ပါသည်။
- စိုက်ပျိုးရေးနည်းပညာဆိုင်ရာပညာပေးစာစောင် (၁၆၇၃၆)စောင် ဖြန့်ဝေပေးခဲ့ပါသည်။

## ဆည်မြောင်း၊ တာတမံများ ပြုပြင်တည်ဆောက်ခြင်း

ရခိုင်ပြည်နယ်တွင်အစီရင်ခံသည့် ကာလအတွင်း ဆည်မြောင်း၊ တာတမံများ ပြုပြင် တည်ဆောက်ခြင်းလုပ်ငန်း (၁၃၈)ခုအနက် (၆၃)ခု ဆောင်ရွက်ပြီး ဖြစ်ပါသည်။



ပုဏ္ဏားကျွန်းမြို့နယ်တွင် ယိုးတရုပ်လျှိုပိတ်ဆည် တည်ဆောက်ပြီးစီးခြင်း



မင်းပြားမြို့နယ်တွင် ကွန်ကရစ်ရေတံခါး (၂)လုံး တည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးခြင်း

ရေစီးကြောင်းကောင်းမွန်ရေးနှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | လုပ်ငန်းအမည် | ဆောင်ရွက်ပြီးစီးမှု |
|---|---|---|
| ၁ | ကျောက်တော် အပေါက်ဝရေလမ်း ကောင်းမွန်ရေး | ၉၃ % |
| ၂ | သံတွဲချောင်းရေလမ်းကောင်းမွန်ရေး | ၁၀၀ % |
| ၃ | တောင်ကုတ်မြို့၊ ကိုင်းရှည်ကျေးရွာ ကမ်းပြိုကာကွယ်ရေး | ၈၈ % |
| ၄ | သံတွဲမြို့နယ်၊ ကင်းမော်ကျေးရွာ ကမ်းပြိုကာကွယ်ရေး | ၁၀၀% |
| ၅ | သံတွဲမြို့နယ်၊ ရွှေလှေ-ပေါက်တော ကျေးရွာ ကမ်းပြိုကာကွယ်ရေး | ၇၈ % |
| ၆ | ဂွမြို့၊ ကမ်းနားလမ်း၊ ကမ်းပြို ကာကွယ်ရေး | ၁၀၀% |
| ၇ | မာန်အောင်မြို့နယ်၊ မျှော်တော်ဦးနှင့် ပြားကြီးကျေးရွာကြား ကမ်းပြို ကာကွယ်ရေး<br>မာန်အောင်မြို့နယ်၊ရေမျက်ဝကျေးရွာ၊ ကမ်းပြိုကာကွယ်ရေး | ၁၀၀% |
| ၈ | အမ်းမြို့နယ်၊ သာလူမော်ကျေးရွာ၊ ကမ်းပြိုကာကွယ်ရေး | ၁၀၀% |
| ၉ | စစ်တွေမြို့နယ်၊ သင်ပုန်းတန်းကျေးရွာ ကမ်းပြိုကာကွယ်ရေး | ၁၀၀% |
| ၁၀ | မင်းပြားမြို့၊ ပြည်တော်သာရပ်ကွက်၊ကမ်းပြိုကာကွယ်ရေး | ၁၀၀% |

## သစ်တောပြုစုထိန်းသိမ်းခြင်း

အစီရင်ခံသည့်ကာလအတွင်း သစ်တောပြုစုထိန်းသိမ်းခြင်းကို အောက်ပါအတိုင်းဆောင်ရွက်ခဲ့ပါသည် -

- မွေတာမျိုးဆက်ခြင်း (၁၀၇၅) ဧက
- သဘာဝတောတန်ဖိုးမြှင့်စိုက်ပျိုးခြင်း (၁၅၀) ဧက
- စီးပွားရေးစိုက်ခင်းတည်ထောင်ခြင်း (၄၂၅) ဧက
- ဒီရေတောစိုက်ခင်း (၃၀၀) ဧက
- ကျေးရွာထင်းစိုက်ခင်း (၂၂၅) ဧက
- ဂေဟစနစ်ဖြည့်တင်းရေးစိုက်ခင်း (၆) ဧက
- ပင်ကျပ်နုတ်ခြင်း (၁၀၀၀) ဧက
- ကိုင်းချိုင်ခြင်းနှင့် ရှင်းလင်းခြင်းလုပ်ငန်း ( ၁၅၀) ဧက
- ဒေသခံအစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခြင်း (၁၀) ဧက
- သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း (၄၀) ဧက
- သစ်မျိုးသန့်ဥယျာဉ်နှင့် သစ်စေ့ထုတ်ဧရိယာ (၁၅) ဧက တည်ထောင်ခြင်း
- စီးပွားရေးစိုက်ခင်းဟောင်းများ ပြုစု ထိန်းသိမ်းခြင်း (၁၀၀) ဧက
- လူထုဖြန့်ပျိုးပင်ဖြန့်ဝေစိုက်ပျိုးခြင်း (၃၉၀၀၀၀) ပင်
- ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ (၆၄)ကြိမ်
- ကွင်းဆင်းစစ်ဆေးခြင်း (၂၆) ကြိမ် ပြုလုပ်ခဲ့ပါသည်။



ကိုင်းချိုင်ခြင်းနှင့် ရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း



ပင်ကျပ်နုတ်ခြင်း လုပ်ငန်း ဆောင်ရွက်ခြင်း

# နိုင်ငံသားဖြစ်မှု





မောင်တောခရိုင်အတွင်း NV Card ထုတ် ပေးမှုမှတ်တမ်းများ

နိုင်ငံသားစိစစ်ရေးကတ်နှင့် NV Card များထုတ်ပေးမှုအနေဖြင့် ယခုအစီရင်ခံသည့်ကာလနှင့် ယခင်ကာလများ၏ ဆောင်ရွက်မှုကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | အကြောင်းအရာ | (၁-၄-၂၀၁၇) မှ (၃၁-၁၂-၂၀၁၇) ထိ | (၁-၁-၂၀၁၈) မှ (၃၀-၄-၂၀၁၈) ထိ | (၁-၅-၂၀၁၈) မှ (၃၁-၈-၂၀၁၈) ထိ | (၁-၉-၂၀၁၈) မှ (၃၁-၁၂-၂၀၁၈) ထိ | (၁-၁-၂၀၁၉) မှ (၃၀-၄-၂၀၁၉) ထိ | (၁-၅-၂၀၁၉) မှ (၃၁-၈-၂၀၁၉) ထိ |
|---|---|---|---|---|---|---|---|
| ၁ | အသက်(၁၀)နှစ်ပြည့် နိုင်ငံသား စိစစ်ရေး ကတ်ထုတ်ပေးခြင်း | ၁၄၈ ဦး | ၈၇ ဦး | ၃၅ ဦး | ၁၀ ဦး | ၈ ဦး | ၉ ဦး |
| ၂ | အသက်(၁၈)နှစ်ပြည့် နိုင်ငံသား စိစစ်ရေး ကတ်ထုတ်ပေးခြင်း | ၄၈၀ ဦး | ၂၅၂ ဦး | ၉၅ ဦး | ၉ ဦး | ၁၂ ဦး | ၁၈ ဦး |
| ၃ | NV Card ထုတ်ပေးခြင်း (ကျောက်ဖြူ၊ သံတွဲ၊ အမ်း၊ ငါးခူရစခန်း၊ ရွှေဇား) | ၅၁၆၂ ဦး | ၂၂၈၆ ဦး | ၉၃၅ ဦး | ၈၈၉ ဦး | ၉၁၈ ဦး | ၅၄၉ ဦး |
| ၄ | Biometricဆောင်ရွက်ခြင်း (ကျောက်ဖြူ၊ သံတွဲ၊ အမ်း၊ ငါးခူရစခန်း၊ ရွှေဇား) | ၈၅၀၁ ဦး | | ၁၃၃၀ ဦး | ၈၉၆ ဦး | ၂၄၇၃ ဦး | ၅၄၉ ဦး |
| ၅ | ကမန်လူမျိုးများအား နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးခြင်း | ၃၃၃၆ ဦး | - | - | ၂၂၀၁ ဦး | - | - |

## လွတ်လပ်စွာသွားလာခွင့်

- (၁-၄-၂၀၁၇)ရက်နေ့မှ (၃၁-၁၂-၂၀၁၈)ရက်နေ့အထိ NVC ကိုင်ဆောင်သူ(၃၀၀)ဦးတို့အား ရခိုင်ပြည်နယ်မှ ရန်ကုန်မြို့သို့ ယာယီခရီးသွားလာခွင့်ပုံစံ(၄)ဖြင့် ခရီးသွားလာခွင့်ပြုခဲ့ပြီး၊ အစီရင်ခံသည့် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လကုန်အထိကာလအတွင်း NVC ကိုင်ဆောင်သူ (၅၀၆)ဦး ကို ခရီးသွားလာခွင့်ပြုခဲ့ပါသည်။

## IDP ကိစ္စရပ်များ

- မြေပုံမြို့၊ တောင်ပေါ် IDP စခန်း ပြန်လည် နေရာချထားရေးအတွက် (၂၄-၁၂-၂၀၁၈) ရက်နေ့က တည်ဆောက်ခဲ့သော အိမ်အလုံး(၁၀၀)မှာ ရာနှုန်းပြည့် ပြီးစီးခဲ့သဖြင့် နေရာချထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နေရာချထားပြီး အိမ်အလုံး(၃၀၀)ရှိနေပြီ ဖြစ်သည့်အပြင် ထပ်မံလိုအပ်သော နေအိမ်များအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း နေအိမ်အလုံး (၁၀၀) ထပ်မံတည်ဆောက်ပေးလျက်ရှိရာ လုပ်ငန်းအားလုံး၏ (၅၀) % ပြီးစီးပြီဖြစ်ပါသည်။
- ပြန်လည်နေရာချထားသည့်မြေပုံမြို့၊ တောင်ပေါ် IDP တန်ဖိုးနည်းအိမ်ရာများတွင် မိုးရာသီကာလအတွင်း အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် (၈ ပေ)အကျယ် မြေသားလမ်း (၇၇၂၂)ပေကို ဆောင်ရွက်လျက်ရှိပါသည်။
- IDP စခန်း ပိတ်သိမ်းရေးအတွက် အမျိုးသားအဆင့် မဟာဗျူဟာ (မူကြမ်း)နှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကို (၉-၄-၂၀၁၉)ရက်နေ့တွင် Horizon Lake View ဟိုတယ် နေပြည်တော်၌ တတိယအကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။

## လူသားချင်းစာနာထောက်ထားသည့် အကူအညီများပေးနိုင်မှု


တောင်ကုတ်မြို့နှင့် မအီမြို့အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများ၊ မိခင်ပိုင်းများအား ထောက်ပံ့ကြေးပေးအပ်ခြင်း


အသက်(၈၅)နှစ်နှင့်အထက် ဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ပေးအပ်ခြင်း

- အစီရင်ခံသည့်ကာလအတွင်း ရခိုင်ပြည်နယ်ရှိ အသက် (၈၅)နှစ်နှင့် အထက်ဘိုး/ဘွား (၁၈၁၁၀) ဦးကို (၁)လလျှင် ကျပ်(၁၀,၀၀၀)နှုန်းဖြင့် လူမှုရေးပင်စင်ထောက်ပံ့ငွေ ကျပ်သန်းပေါင်း (၅၃၉.၀၀) သန်း ထောက်ပံ့ပေးခဲ့ပါသည်။
- အစီရင်ခံသည့်ကာလအတွင်း ရခိုင်ပြည်နယ်ရှိ မြို့နယ် (၁၇) မြို့နယ်မှ ကိုယ်ဝန်ဆောင် မိခင်များနှင့်၎င်းတို့မှ မွေးဖွားသောအသက် (၂)နှစ်အောက်ကလေးငယ်များအား(၁)ဦးကို (၁)လလျှင် ကျပ်(၁၅,၀၀၀)နှုန်းဖြင့် (၁၂၆၇၃၅)ဦးအတွက် ထောက်ပံ့ငွေကျပ်သန်းပေါင်း (၉၇၁၇.၈၄၅)သန်း ထောက်ပံ့ပေးခဲ့ပါသည်။
- မိခင်ပိုင်း(ဝေးလံပြီး မူကြိုကျောင်းမရှိသည့်ရပ်ရွာဒေသများရှိ အသက်(၆)လမှ(၃)နှစ်အရွယ် ကလေးများအတွက်) (၆၂)ပိုင်းအတွက် ကျပ်သန်းပေါင်း(၄၄.၈၈)သန်း ထောက်ပံ့ပေးခဲ့ပါသည်။

- (၁-၁-၂၀၁၉)ရက်နေ့မှ (၃၀-၄-၂၀၁၉)ရက်နေ့အထိ တိုက်ပွဲရှောင်သူလူဦးရေ(၉၉၈)ဦးအတွက် ငွေကျပ် (၆,၃၇၅,၀၆၀)တန်ဖိုးရှိ စားနပ်ရိက္ခာများနှင့်အခြားအသုံးအဆောင်ပစ္စည်းများကို ထောက်ပံ့ပေးခဲ့ပါသည်။
- (၁-၅-၂၀၁၉)ရက်နေ့မှ(၃၁-၈-၂၀၁၉)ရက်နေ့အထိတိုက်ပွဲရှောင်သူလူဦးရေ (၈၃၄၃၈) ဦးအတွက် ငွေကျပ် (၈၆၁,၅၉၀,၇၉၁) တန်ဖိုးရှိ စားနပ်ရိက္ခာ၊ ကယ်ဆယ်ရေးပစ္စည်းနှင့် ထောက်ပံ့ကြေးငွေများ ထောက်ပံ့ပေးခဲ့ပါသည်။
- (၁-၁-၂၀၁၉)ရက်နေ့မှ (၃၀-၄-၂၀၁၉)ရက်နေ့အထိ ပြန်လည်ဝင်ရောက်လာသူ (၁၁)ဦးအတွက် ကယ်ဆယ်ရေးပစ္စည်း (ကျားလုံချည်၊ မလုံချည်၊ တီရှပ်၊ စောင်၊ ဆပ်ပြာ)၊ စားနပ်ရိက္ခာ (ဆန်၊ ဆီ၊ ဆား၊ ပဲ)(၁)လစာ ၊ Kitchen Set ၃ စုံ ထောက်ပံ့ပေးခဲ့ပါသည်။
- (၁-၅-၂၀၁၉)ရက်နေ့မှ (၃၁-၈-၂၀၁၉)ရက်နေ့အထိ ပြန်လည်ဝင်ရောက်လာသူ (၆၆)ဦးအတွက် ကယ်ဆယ်ရေးပစ္စည်း (ကျားလုံချည်၊ မလုံချည်၊ တီရှပ်၊ စောင်၊ ဆပ်ပြာ)၊ စားစရိတ်ငွေ (၁၅၃၀၀၀) ကျပ်၊ စားနပ်ရိက္ခာ (ဆန်၊ ဆီ၊ ဆား၊ ပဲ)(၁)လစာ ၊ Kitchen Set ၃၈ စုံ ထောက်ပံ့ပေးခဲ့ပါသည်။
- (၁-၁-၂၀၁၉)ရက်နေ့မှ (၃၀-၄-၂၀၁၉)ရက်နေ့အထိ လေ့စီးဒုက္ခသည်(၁၁)ဦးအတွက် ကယ်ဆယ်ရေးပစ္စည်း (ကျားလုံချည်၊ မလုံချည်၊ တီရှပ်၊ စောင်၊ ဆပ်ပြာ)၊ စားစရိတ်ငွေ (၂၉၉၉၀၀၀) ကျပ်၊ စားနပ်ရိက္ခာ (ဆန်၊ ဆီ၊ ဆား၊ ပဲ)(၁)လစာ ၊ Kitchen Set ၄ စုံ ထောက်ပံ့ပေးခဲ့ပါသည်။
- (၁-၅-၂၀၁၉)ရက်နေ့မှ (၃၁-၈-၂၀၁၉)ရက်နေ့အထိ လေ့စီးဒုက္ခသည် (၄၈၆)ဦးအတွက် စားနပ်ရိက္ခာဆန် (၈)ပြည်အိတ် (၄၈၆)အိတ်၊ ဆီ (၄၈၆)လီတာ၊ ဆား (၀.၂၅)ပိဿာအိတ် (၄၈၆)အိတ်၊ ကုလားပဲခြမ်း (၁.၅)ပိဿာအိတ် (၄၈၆)အိတ် ထောက်ပံ့ပေး ခဲ့ပါသည်။
- တောင်ပေါ် IDP စခန်းရှိ နေအိမ်များအတွက် (၉-၇-၂၀၁၉)ရက်နေ့တွင် မိုးကာလိပ် (၅၀)ထောက်ပံ့ပေးခဲ့ပြီး၊ မြေပုံမြို့နယ်၊ ကန်သာထွက်ဝရပ်ကွက်ရှိ နေအိမ်များအတွက် MEC (၇)ပေသွပ် (၂၀၀)ချပ်နှင့် မိုးကာလိပ် (၃)လိပ်တို့အား (၁၂-၈-၂၀၁၉)ရက်နေ့တွင် ထောက်ပံ့ပေးခဲ့ပါသည်။
- မောင်တောမြို့နယ်၊ ခမောင်းဆိပ်ကျေးရွာမှ စစ်တွေမြို့သို့ ရောက်ရှိနေသော မိသားစု(၁၁)စု လူဦးရေ (၃၁)ဦးအတွက် ငွေကျပ် (၉၉၃,၀၀၀)တန်ဖိုးရှိ အခြေခံစားနပ်ရိက္ခာ (ဆန်၊ ဆီ၊ ဆား၊ ပဲ) နှင့် ငွေကျပ် (၅၅၀,၀၀၀)တို့ကို ထောက်ပံ့ပေးခဲ့ပါသည်။

## သတင်းယူခြင်း

### ပြည်တွင်း/ပြည်ပသတင်းမီဒီယာများသတင်းရယူခြင်း



သဲချောင်း IDP စခန်း၌ သတင်းရယူခြင်း
(၂၈-၅-၂၀၁၉)ရက်နေ့မှ (၃၀-၅-၂၀၁၉)ရက်နေ့အထိ



ရွှေဇားကျေးရွာသို့ သွားရောက် သတင်းရယူခြင်း
(၂၉-၈-၂၀၁၉)ရက်နေ့မှ (၃၁-၈-၂၀၁၉)ရက်နေ့အထိ

ရခိုင်ပြည်နယ်သို့ ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများသွားရောက်သတင်းရယူနိုင်ရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်ပေးခဲ့ပါသည်-

| (၁-၁-၂၀၁၈) ရက်နေ့မှ (၃၀-၄-၂၀၁၈)ရက်နေ့ အထိ | | (၁-၅-၂၀၁၈) ရက်နေ့မှ (၃၁-၈-၂၀၁၈)ရက်နေ့ အထိ | | (၁-၉-၂၀၁၈) ရက်နေ့မှ (၃၁-၁၂-၂၀၁၈)ရက်နေ့ အထိ | | (၁-၁-၂၀၁၉)ရက်နေ့မှ (၃၀-၄-၂၀၁၉)ရက်နေ့ အထိ | | (၁-၅-၂၀၁၉)ရက်နေ့မှ (၃၁-၈-၂၀၁၉)ရက်နေ့ အထိ | |
|---|---|---|---|---|---|---|---|---|---|
| အကြိမ် | ဦးရေ | အကြိမ် | ဦးရေ | အကြိမ် | ဦးရေ | အကြိမ် | ဦးရေ | အကြိမ် | ဦးရေ |
| ၃ | ၄၂ | ၇ | ၉၅ | ၃ | ၄၄ | ၁ | ၁၇ | ၂ | ၂၈ |

## သတင်းထုတ်ပြန်မှုများ

ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို မီဒီယာကဏ္ဍဖော်ပြမှုများမှာ-

| | သတင်း | ဆောင်းပါး | ဓာတ်ပုံ | တွေ့ဆုံ မေးမြန်းမှု | သတင်းစာ ရှင်းလင်းပွဲ | အစီ အစဉ် | အသိပညာပေး ထုတ်လွှင့်မှု | PSA |
|---|---|---|---|---|---|---|---|---|
| မြန်မာအသံနှင့် ရုပ်မြင်သံကြား | ၅၀၅ | - | - | - | - | ၃၂ | - | - |
| ရေဒီယိုအစီအစဉ် | ၄၄၆၇ | - | - | ၃၂ | - | ၁၈ | ၆၅၀ | ၅၈၀ |
| ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး | ၃၇၉ | ၁ | ၄၉၂ | ၄ | - | - | - | - |
| သတင်းနှင့်စာနယ်ဇင်း | ၉၄၂ | - | ၁၀၁၆ | - | - | - | - | - |
| မေယု FM | ၂၃၀၇ | - | - | - | - | - | - | - |

## ပညာရေး

### အခြေခံပညာသင်ကြားနိုင်မှု-

- မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်များတွင် (၃၁-၇-၂၀၁၉)ရက်နေ့အထိ အခြေခံပညာကျောင်း (၃၄၇)ကျောင်းကို ဖွင့်လှစ်ခဲ့ပါသည်။
- မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်များတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား/ သူစုစုပေါင်း (၆၁၂၈၆)ဦး တက်ရောက်လျက်ရှိပါသည်။
- ဆရာ၊ဆရာမများ စွမ်းဆောင်ရည်တိုးတက်စေရန်အတွက် ဧပြီလနှင့်မေလတွင် ကလေးပျော်ကျောင်းစီမံကိန်းသင်တန်းပြုလုပ်ခဲ့ပြီး သင်ရိုးသစ် Grade-3 နှင့် Grade-6 သင်တန်းများကို ပြုလုပ်ခဲ့ပါသည်။



အ.ထ.က(၁) မောင်တောတွင် သင်ရိုးသစ်သင်တန်းနှင့် ကလေးပျော်ကျောင်း စီမံကိန်းသင်တန်း ပြုလုပ်ခြင်း




- ရခိုင်ပြည်နယ်အတွင်း မြို့နယ်(၇)မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများအားလုံး အရည်အသွေးရှိ အခြေခံပညာရေးကို ရရှိနိုင်စေရန် Building on Quality Basic Education Program (BoQBEP) အစီအစဉ်အရ ကျောင်းဆောင်သစ်(၁၆)ဆောင် နှင့် IDP စခန်းများတွင် ယာယီစာသင်ဆောင် (၁၈)ဆောင် ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။
- IDP စခန်းများမှ Volunteers ဆရာ၊ ဆရာမ (၃၂၆)ဦးအား အခြေခံပညာဦးစီးဌာနမှ လစာငွေများ ပံ့ပိုးပေးလျက်ရှိသည့်အပြင် ထပ်မံ၍ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှစတင်၍ (၁၇၁)ဦးအား အခြေခံပညာဦးစီးဌာနသို့လွှဲပြောင်းယူခဲ့သဖြင့် စုစုပေါင်း(၄၉၇)ဦးအား လစာငွေထုတ်ပေးလျက်ရှိပါသည်။

**ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဆောင်ရွက်နိုင်မှု-**

- ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ်ဖြင့် မြို့နယ် (၁၀) မြို့နယ်ရှိ စခန်း (၅၂)ခုမှ ကျောင်းသား (၄၇၄)ဦး ကျောင်းသူ (၄၀၈)ဦး စုစုပေါင်း (၈၈၂)ဦးကို မူလတန်းပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

**နည်းပညာနှင့်သက်မွေးပညာသင်တန်းများဆောင်ရွက်နိုင်မှု-**

- အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ဖြူ)တွင် ကျောင်းသား၊ ကျောင်းသူ(၃၈၀)ဦး
- အစိုးရစက်မှုလက်မှုသိပ္ပံ (သံတွဲ)တွင် ကျောင်းသား၊ ကျောင်းသူ (၄၅၁)ဦး
- အစိုးရနည်းပညာအထက်တန်းကျောင်း(စစ်တွေ)တွင် ကျောင်းသား၊ ကျောင်းသူ (၂၃၈)ဦး တက်ရောက်ပညာသင်ကြားလျက်ရှိပါသည်။

**အဆင့်မြင့်ပညာသင်ကြားနိုင်မှု-**

- ၂၀၁၉ ပညာသင်နှစ် စစ်တွေတက္ကသိုလ်(အဝေးသင်သင်တန်း)များအတွက် ကျောင်းဝင်မှတ်ပုံတင်ရန် စစ်တွေမြို့သို့ လာရောက်ရန် အခက်အခဲရှိသော ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်များရှိ OSS(One Stop Shop) ရုံးများတွင် Counterဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ စုစုပေါင်း (၁၈)ဦး ကျောင်းဝင်ခဲ့ပါသည်။
- ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ဖွင့်လှစ်သော မူလတန်း ဆရာအတတ် စာပေးစာယူသင်တန်း အမှတ်စဉ်(၃၇)၏ ဒုတိယပိုင်းကို(၁၉-၄-၂၀၁၉)ရက်နေ့မှ(၄-၅-၂၀၁၉)ရက်နေ့အထိ သင်တန်းသား (၁၂)ဦး၊ သင်တန်းသူ(၁၁၈)ဦး၊ စုစုပေါင်း(၁၃၀)ဦးဖြင့် ကျောက်ဖြူပညာရေး ကောလိပ်တွင် ဖွင့်လှစ်ပို့ချပေးခဲ့ပါသည်။ သံတွဲမြို့နယ်မှ သင်တန်းသူ(၁၃)ဦးကို လူမှုရေးအခက်အခဲကြောင့် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးပညာရေးကောလိပ်သို့ တက်ရောက်စေခဲ့ပါသည်။
- ရခိုင်ပြည်နယ်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်စုစုပေါင်း (၅)ကျောင်းတွင် ဆရာ၊ ဆရာမ စုစုပေါင်း(၅၄၂)ဦး၊ ဝန်ထမ်း (၃၉၈)ဦး တာဝန်ထမ်းဆောင်လျက်ရှိပြီး၊ အဝေးသင် ကျောင်းသား၊ ကျောင်းသူများ အပါအဝင် စုစုပေါင်း (၃၀၄၅၉)ဦး တက်ရောက်ပညာသင်ကြားလျက်ရှိပါသည်။

**စစ်တွေတက္ကသိုလ် ဆောက်လုပ်ရေးလုပ်ငန်းပြီးစီးမှုအနေဖြင့်-**

- (၃)ထပ်စာသင်ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်း (၅၂ %)
- (၇)ခန်းတွဲ စားသောက်ဆိုင် ဆောက်လုပ်ခြင်းလုပ်ငန်း (၁၀၀ %)
- မီတာ(၄၀၀)ပြေးလမ်းနှင့် ရေနုတ်မြောင်းပါ ဘောလုံးကွင်းဆောက်လုပ်ခြင်းလုပ်ငန်း (၃၀%) ပြီးစီးပြီးဖြစ်ပါသည်။



စစ်တွေတက္ကသိုလ် (၃)ထပ်စာသင်ဆောင် တည်ဆောက်ပြီးစီးမှု



စစ်တွေတက္ကသိုလ် (၇)ခန်းတွဲ စားသောက်ဆိုင်တည်ဆောက်ပြီးစီးမှု

## နည်းပညာတက္ကသိုလ်(စစ်တွေ) ဆောက်လုပ်ရေးလုပ်ငန်းပြီးစီးမှုအနေဖြင့်-

- (၃)ထပ်စာသင်ဆောင် ဆောက်လုပ်မှု လုပ်ငန်းမှာ (၆၆%)
- ကျောင်းတွင်းစားသောက်ဆိုင်ခန်းများ ဆောက်လုပ်မှုလုပ်ငန်း (၁၀၀%) ပြီးစီးပြီ ဖြစ်ပါ သည်။



နည်းပညာတက္ကသိုလ် (စစ်တွေ) (၃)ထပ်ပင်မဆောင် တည်ဆောက်ပြီးစီးမှု

## တောင်ကုတ်ဒီဂရီကောလိပ် ဆောက်လုပ်ရေးလုပ်ငန်းပြီးစီးမှုအနေဖြင့်-

- (၃)ထပ်စာသင်ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်း (၉၁ %)
- (၄)ခန်းတွဲ (၄)ထပ် ဆရာ/ဆရာမ နေအိမ် ဆောက်လုပ်ခြင်းလုပ်ငန်း (၉၈ %)
- (၇)ခန်းတွဲ စားသောက်ဆိုင် ဆောက်လုပ်ခြင်းလုပ်ငန်း (၉၉%)
- မိုးလုံလေလုံအားကစားရုံ ဆောက်လုပ်ခြင်းလုပ်ငန်း (၁၀၀%) ပြီးစီးပြီ ဖြစ်ပါသည်။



တောင်ကုတ်ဒီဂရီကောလိပ် (၃)ထပ်စာသင်ဆောင် တည်ဆောက်ပြီးစီးမှု



တောင်ကုတ်ဒီဂရီကောလိပ် (၄)ခန်းတွဲ (၄)ထပ်ဆရာ၊ ဆရာမများဆောင် တည်ဆောက်ပြီးစီးမှု

# ကျန်းမာရေး

## ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှုအခြေအနေ



ရွေ့လျားဆေးကုသရေးအဖွဲ့မှ ဘူးသီးတောင်မြို့တွင် ကျန်းမာရေးစောင့်ရှောက်ပေးမှု



| စဉ် | အကြောင်းအရာ | ဆေးကုသပေးခဲ့မှု | | စုစုပေါင်း လူနာအရေအတွက် |
|---|---|---|---|---|
| | | တိုင်းရင်းသား | မွတ်စလင် | |
| ၁ | စစ်တွေဆေးရုံကြီး | ၂၈၂၃၆ | ၈၆၉ | ၂၉၁၀၅ |
| ၂ | သက်ကယ်ပြင်ဆေးရုံ | - | ၉၇၄၈ | ၉၇၄၈ |
| ၃ | မောင်တောခရိုင်အတွင်းရှိဆေးရုံများ | ၆၃၂၈၂ | ၇၆၇၆ | ၇၀၉၅၈ |
| ၄ | ရွေ့လျားဆေးကုသမှု | ၄၄၇၇၆ | ၁၄၈၁၄၈ | ၁၉၂၉၂၄ |
| | စုစုပေါင်း | ၁၃၆၂၉၄ | ၁၆၆၄၄၁ | ၃၀၂၇၃၅ |

## ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်း



ရခိုင်ပြည်နယ်အတွင်း ကာကွယ်ဆေးထိုး လုပ်ငန်းများ ဆောင်ရွက်ပေးမှု




| ဂျပန် ဦးနှောက် ရောင် | BCG | ငါးမျိုးစပ် | ပိုလီယို တိုက်ဆေး | ပိုလီယို ထိုးဆေး | ပြင်းထန် အဆုတ် ရောင် | ဝက်သက် ဂျိုက်သိုး | မေး ခိုင် | အသည်း ရောင် အသားဝါဘီ |
|---|---|---|---|---|---|---|---|---|
| ၃၂၈၇၈ | ၃၆၉၃၇ | ၁၀၆၉၁၇ | ၁၀၆၉၃၂ | ၃၅၆၁၅ | ၁၀၆၆၉၃ | ၆၂၄၈၃ | ၇၃၆၁၉ | ၃၄၅၀ |

## ကျန်းမာရေးသင်တန်းပေးမှုအခြေအနေ

| စဉ် | သင်တန်း | တိုင်းရင်းသား ဦးရေ | မွတ်စလင် ဦးရေ | စုစုပေါင်း ဦးရေ |
|---|---|---|---|---|
| ၁ | အရန်သားဖွား(၆)လသင်တန်း | ၁၀၃ | ၅၈ | ၁၆၁ |
| ၂ | အရန်သားဖွားမွမ်းမံသင်တန်း | ၂၇၇ | ၅၄ | ၃၃၁ |
| ၃ | စေတနာ့ဝန်ထမ်းလူထုကျန်းမာရေးလုပ်သားသင်တန်း | ၈၆ | - | ၈၆ |
| ၄ | အရန်သားဖွား (သစ်လွင်)သင်တန်း | ၁၅ | ၁၅ | ၃၀ |
| | စုစုပေါင်း | ၄၈၁ | ၁၂၇ | ၆၀၈ |

## ကျန်းမာရေးဝန်ထမ်းများခန့်အပ်ထားရှိမှုအခြေအနေ




**ဆေးနှင့်ဆေးပစ္စည်းများ ဖြန့်ဖြူးပေးမှု-**

- ၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင် နောက်ဆက်တွဲခွဲဝေချထားပေးသည့်ရန်ပုံငွေ ကျပ်သန်း (၆၀၀)ဖြင့် ဆေးနှင့်ဆေးပစ္စည်းများ ဝယ်ယူပြီး မြို့နယ်များသို့ ဖြန့်ဖြူး ပေးလျက်ရှိပါသည်။

### ပေါက်တောမြို့နယ်အတွင်းရှိ IDP Camp များတွင် ကာကွယ်ဆေးထိုးနှံပေးခဲ့မှု အခြေအနေ

(လူဦးရေ)

| IDP စခန်း အရေအတွက် | BCG | OPV | IPV | DPT | PCV | MR | JE | TT |
|---|---|---|---|---|---|---|---|---|
| ၈ ခု | ၂၇၄ | ၁၆၂ | ၁၂၇ | ၆၀၉ | ၆၀၉ | ၅၆၁ | ၃၈၀ | ၃၅၉ |

- (၂-၄-၂၀၁၉)ရက်နေ့မှ (၄-၄-၂၀၁၉) ရက်နေ့အထိ ပေါက်တောမြို့နယ်ရှိ ကယ်ဆယ်ရေးစခန်း(၈)ခုမှ ငါးနှစ်အောက်ကလေး(၁၇၆၀)ဦးအား လက်မောင်းလုံးပတ်တိုင်းခြင်း၊ဗီတာမင်အေဆေးလုံး တိုက်ကျွေးခြင်း၊ အဏုအာဟာရဆေးမှုန့် ထုတ်ပေးခြင်း၊ သံချဆေးတိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင် မိခင်များအား အဏုအာဟာရဆေးပြားတိုက်ကျွေးခြင်း၊ ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေခြင်းတို့ ပြုလုပ်ခဲ့ပါသည်။

## ကျန်းမာရေးဆိုင်ရာဆွေးနွေးပွဲများကျင်းပခြင်း



- မြန်မာနိုင်ငံ အဏုအာဟာရနှင့် အစာစားသုံးမှုစစ်တမ်း (Myanmar Micronutrient Food Consumption Survey) ရလဒ်များအရ ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဖွံ့ဖြိုးမှု ဆိုင်ရာ(၅)နှစ် စီမံကိန်း (၂၀၁၈/၁၉-၂၀၂၂/၂၃) အား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အတွက် ရခိုင်ပြည်နယ် အာဟာရဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲကို (၂၅-၂-၂၀၁၉) ရက်နေ့နှင့် (၂၆-၂-၂၀၁၉) ရက်နေ့တို့တွင် ကျင်းပခဲ့ပါသည်။
- (၁၁-၈-၂၀၁၉)ရက်နေ့တွင် စစ်တွေမြို့၊ ဦးဥတ္တမခန်းမ၌ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လူထုလှုပ်ရှားမှု အခမ်းအနားပြုလုပ်ခဲ့ပါသည်။
- (၂၃-၈-၂၀၁၉)ရက်နေ့တွင် ရခိုင်ပြည်နယ်တွင် အာဟာရလုပ်ငန်းများ ဆောင်ရွက်နေသော INGO / NGO များနှင့် အာဟာရလုပ်ငန်းများ တိုးတက်လာစေရေးဆိုင်ရာ ဆွေးနွေးပွဲပြုလုပ်ခဲ့ပါသည်။

## စစ်တွေအထွေထွေရောဂါကုဆေးရုံကြီးတိုးချဲ့ဆောက်လုပ်ခြင်း



စစ်တွေအထွေထွေရောဂါကုဆေးရုံကြီးတိုးချဲ့(၄)ထပ်ဆောင်တည်ဆောက်ပြီးစီးမှု



စစ်တွေဆေးရုံကြီးတိုးချဲ့(၄)ထပ် ဝန်ထမ်းအိမ်ရာတည်ဆောက်ပြီးစီးမှု

- စစ်တွေအထွေထွေရောဂါကုဆေးရုံကြီး တိုးချဲ့ဆောက်လုပ်ခြင်းအနေဖြင့် (၄)ထပ် တိုးချဲ့လူနာဆောင်သစ် ဆောက်လုပ်ခြင်း၊ (၈)ခန်းတွဲ (၄)ထပ် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းလုပ်ငန်းမှာ (၉၉%) ပြီးစီးပြီ ဖြစ်ပြီး၊ ပြည်နယ် ကုသရေးဦးစီးမှူးရုံး (၂)ထပ်ဆောင်သစ် ဆောက်လုပ်ခြင်းလုပ်ငန်းမှာ (၁၀၀ %) ပြီးစီးပြီ ဖြစ်ပါသည်။
- စစ်တွေအထွေထွေရောဂါကုဆေးရုံကြီး ရင်ခွဲရုံအားပြင်ဆင်ခြင်း၊ မိခင်နှင့်ကလေးကုသဆောင်အတွက် မြေနေရာရွေးချယ်ခြင်း၊ ခွဲစိတ်ခန်းအတွက် ဓာတ်လှေကားတပ်ဆင်ခြင်း၊ သူနာပြုများနေထိုင်သည့် အဆောင်ဟောင်းများကို ဖျက်သိမ်းခြင်းတို့ ဆောင်ရွက်လျက်ရှိပါသည်။

## ကျောက်ဖြူပြည်သူ့ဆေးရုံကြီးတိုးချဲ့ဆောက်လုပ်ခြင်း



ကျောက်ဖြူပြည်သူ့ဆေးရုံတိုးချဲ့(၂)ထပ်ဆောင် တည်ဆောက်ပြီးစီးမှု



ကျောက်ဖြူပြည်သူ့ဆေးရုံ(၈)ခန်းတွဲ(၄)ထပ်ဝန်ထမ်းအိမ်ယာတည်ဆောက်ပြီးစီးမှု

- ကျောက်ဖြူပြည်သူ့ဆေးရုံ တိုးချဲ့(၂)ထပ် လူနာဆောင်သစ်ဆောက်လုပ်ခြင်းလုပ်ငန်းမှာ (၉၆%) ပြီးစီးပြီဖြစ်ပြီး၊ (၈)ခန်းတွဲ(၄)ထပ်ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းလုပ်ငန်းမှာ (၉၈%)ပြီးစီးပြီဖြစ်ပါသည်။

- တောင်ကုတ်မြို့ ကုတင်(၅၀)ပြည်သူ့ဆေးရုံကို (၉-၆-၂၀၁၉)ရက်နေ့တွင် ကုတင်(၁၀၀)ပြည်သူ့ဆေးရုံအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ခဲ့ပါသည်။



## မူးယစ်ဆေးဝါးများ

- မူးယစ်ဆေးဝါးအမှုပေါင်း (၁၉၄)မှု၊ တရားခံ (ကျား) (၂၅၄)ဦး၊ တရားခံ(မ) (၃၉)ဦး၊ စုစုပေါင်း တရားခံ (၂၉၃)ဦး အရေးယူနိုင်ခဲ့ပြီး တန်ဖိုးငွေ ကျပ်သိန်းပေါင်း (၆၃.၁၅) ဘီလီယံခန့်ရှိ မူးယစ်ဆေးဝါးများကို ဖမ်းဆီးရရှိခဲ့ပါသည်။
- မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲ (၂၇၄) ကြိမ်နှင့်လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ပြုလုပ်ခဲ့ပါသည်။



## နိုင်ငံရေးကဏ္ဍနှင့် လူ့အဖွဲ့အစည်းများတွင်ကိုယ်တိုင်ပါဝင်မှုနှင့် ကိုယ်စားပြုမှု



(၂၂-၃-၂၀၁၉)ရက်နေ့တွင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိလူငယ်များနှင့် တွေ့ဆုံ၍ လူငယ်ရေးရာမူဝါဒနှင့် စပ်လျဉ်း၍ ဆွေးနွေးပွဲပြုလုပ်နိုင်ခဲ့ပါသည်။

## လူ့အဖွဲ့အစည်းများအကြားပေါင်းစည်းရေး

- မောင်တောခရိုင်အတွင်းရှိ မတူညီသော လူမှုအသိုက်အဝန်းများအကြား ရင်းနှီးဆက်ဆံမှု တိုးပွားစေရေးအတွက် အခြေခံပညာအထက်တန်းအဆင့် ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် ထုတ်ဆီးတိုးပြိုင်ပွဲကို မောင်တောမြို့နယ်၌ (၇-၈-၂၀၁၉)ရက်နေ့မှ(၂၃-၈-၂၀၁၉)ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ရာ နှစ်ဖက်လူမှုအသိုက်အဝန်းမှ ကျောင်းသား/ကျောင်းသူ အသင်း(၁၈)သင်း ငြိမ်းချမ်းစွာ အတူပါဝင်ယှဉ်ပြိုင်ခဲ့ကြပါသည်။

## လုံခြုံရေးကဏ္ဍ

### လုပ်ငန်းဆောင်ရွက်မှုများ






- ရဲတပ်ဖွဲ့ဝင်များ စွမ်းဆောင်ရည်မြင့်မားစေရန် လုပ်ငန်းခွင်ဆိုင်ရာ ကျွမ်းကျင်မှုသင်တန်း (၂၆)ကြိမ်ဖွင့်လှစ်၍ အရာရှိ(၁၀၅)ဦး၊ အမှုထမ်း(၂၂၁၂)ဦးတို့ကို လေ့ကျင့်ပေးခဲ့ပါသည်။
- စစ်တွေမြို့၊ လုံခြုံရေးအတွက် အချက်အခြာကျသည့်နေရာ(၄၉)နေရာ၌ CCTV (၁၁၇)လုံး တပ်ဆင်ကာ(၁၅-၁၂-၂၀၁၈) ရက်နေ့မှ စတင်၍ ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးတွင် Command Centre ဖွင့်လှစ်၍ စစ်ဆေးကြည့်ရှုဆောင်ရွက်လျက်ရှိပါသည်။
- လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လှည့်ကင်း (၉၂၈၄)ကြိမ်၊ ဝပ်ကင်း (၁၅၅၃၀)ကြိမ်ဖြင့် အများပြည်သူလုံခြုံရေးအတွက် ဆောင်ရွက်ခဲ့ပါသည်။

### နှစ်နိုင်ငံလုံခြုံရေးတပ်ဖွဲ့များ ပူးပေါင်းဆောင်ရွက်ခြင်း



နှစ်နိုင်ငံလုံခြုံရေး
တပ်ဖွဲ့ဝင်များ
ပူးပေါင်း၍
ရေကြောင်းကင်းလှည့်ခြင်း






## တရားမျှတမှုရရှိရေး

- ရခိုင်ပြည်နယ်၊ စစ်တွေမြို့၌ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးခွဲ ဖွင့်လှစ်နိုင်ရေးအတွက် (၂၇-၃-၂၀၁၉)ရက်နေ့တွင် ကော်မရှင်ဥက္ကဋ္ဌနှင့်ကော်မရှင်အဖွဲ့ဝင်တို့သည် ရုံးခွဲမြေနေရာ ရွေးချယ်ခြင်း၊ ယာယီရုံးခန်းနေရာ ရွေးချယ်ခြင်းနှင့် ဝန်ထမ်းသစ်များ ရွေးချယ်သင်တန်းပေးခြင်းတို့ ပြုလုပ်ပြီး ရခိုင်ပြည်နယ်ရုံးခွဲကို ဖွင့်လှစ်ထားရှိပါသည်။
- စစ်တွေမြို့တွင် ရခိုင်ပြည်နယ်၊ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၏ရုံးခန်းကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ (၂၆-၄-၂၀၁၉) ရက်နေ့တွင် စတင်ဖွင့်လှစ်၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။
- ရခိုင်ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့က (၂၄-၈-၂၀၁၉)ရက်နေ့တွင် ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အလုပ်ရုံဆွေးနွေးပွဲကို စစ်တွေဟိုတယ်၌ ပြုလုပ်ခဲ့ပါသည်။
- မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က လူ့အခွင့်အရေးဖောက်ဖျက်ခံရမှုနှင့် စပ်လျဉ်းသည့်တိုင်တန်းချက်များကို လက်ခံဆောင်ရွက်လျက်ရှိရာ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအထိ ရခိုင်ပြည်နယ်မှ တိုင်တန်းချက်(၃၄)စောင် လက်ခံရရှိခဲ့ပြီး (၁၂)စောင်အား ကော်မရှင်ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်ခဲ့ပြီး (၂၂)စောင်ကို မှတ်တမ်းအဖြစ်ထားရှိခဲ့ပြီး လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် “တိုင်ကြားနိုင်ပါသည်”ဟူသော လက်ကမ်းစာစောင်များကို အထွေထွေအုပ်ချုပ်ရေးမှူးရုံးများရှိ ကြော်ငြာသင်ပုန်းများတွင် ဖော်ပြကြေငြာထားပါသည်။
- ရခိုင်ပြည်နယ် ဥပဒေချုပ်ရုံးအနေဖြင့် တရားဥပဒေစိုးမိုးရေးအတွက် စစ်တွေမြို့နယ်တွင် တရားဥပဒေစိုးမိုးရေးဆိုင်ရာဌာန Rule of Law Centre ထူထောင်နိုင်ရေးကို စတင်ဆောင်ရွက်လျက်ရှိပါသည်။

# ယဉ်ကျေးမှုဆိုင်ရာဖွံ့ဖြိုးမှု



မြောက်ဦးဒေသကို Cultural Mapping ရေးဆွဲရန်အတွက် ကိုရီးယားပညာရှင်အဖွဲ့အား ရှင်းလင်းပြသခြင်း



မြောက်ဦးဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေး ပြည်တွင်း၊ ပြည်ပပညာရှင်များနှင့် အပြီးသတ်ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပခြင်း

မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေး (၁၂)ကြိမ် ပြုလုပ်ခဲ့ပါသည်။

**ပထဝီသတင်းအချက်အလက်စုဆောင်းမှတ်တမ်းပြုစုရေးဆပ်ကော်မတီ (GIS Team) အဖွဲ့မှ–**

- မြေပုံထုတ်နိုင်ရေး၊ မှတ်တမ်းတင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း
- မြောက်ဦးယဉ်ကျေးမှု အမွေအနှစ် ဇုန်နယ်နိမိတ်အတွင်းရှိ မြေယာတည်ရှိမှုနှင့် မြေယာအသုံးချမှု (Landuse Landcover = LULC) အချက်များ ကွင်းဆင်းဆောင်ရွက်ခြင်း၊

- ရှေးဟောင်းသုတေသနပညာရှင် Dr. Bob Hudson နှင့်အတူ ယဉ်ကျေးမှုဇုန်နယ်နိမိတ်အတွင်းရှိ မြစ်ချောင်းများ၊ ရေကန်များနှင့် ရှေးဟောင်းအဆောက်အအုံများ၊ တူးမြောင်းများ၊ မြေမျက်နှာသွင်ပြင်များနှင့် ရေလမ်းကြောင်းဆိုင်ရာ အထောက်အထားများမြေသားတံတိုင်းများအား ကွင်းဆင်းလေ့လာခြင်း၊
- မြောက်ဦးဒေသ Cultural Mapping ရေးဆွဲရန်အတွက် ကိုးရီးယားပညာရှင်အဖွဲ့၊ နိုင်ငံခြားသားပညာရှင် Professor Massimo Sarti ၊ MraukU Heritage Trust ၊ People in Need (PIN)၊ The Food and Agriculture Organization of the United Nations (FAO)အဖွဲ့တို့နှင့်ဒေသခံများ၊ တာဝန်ခံများအား တွေ့ဆုံ၍ ရှေးရေကန်များ၊ တူးမြောင်းများ၊ ရေတံခါး၊ ချောင်းဆုံနေရာများ၊ ရှေးဟောင်းအဆောက်အအုံများ၊ ဆင်ကျုံးတံတိုင်းနေရာများအား ကွင်းဆင်းလေ့လာခြင်း၊ အထင်ကရနေရာများအားပို့ဆောင်ရှင်းလင်းပြသခြင်း၊ ဒိုင်းကျီရေကန်အား အဆင့်မြှင့်တင်နိုင်ရေးလုပ်ငန်းများဆွေးနွေးခြင်း၊
- နယ်နိမိတ်ဆိုင်ရာ (ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာ၊ ရပ်ကွက်) သတင်းအချက်အလက်များ၊ ဘုန်းတော်ကြီးကျောင်းနေရာများနှင့် သီလရှင်ကျောင်းနေရာများအား ကွင်းဆင်းမှတ်တမ်းကောက်ယူခြင်း၊
- မြို့ပြလူမှုစီးပွားရေးဆိုင်ရာအခြေခံအဆောက်အအုံများ၏ ကောက်ယူရရှိထားသော အချက်အလက်များကို ကမ္ဘာ့အမွေအနှစ်ဒေသများဌာနခွဲ၊ သရေခေတ္တရာဌာနစုတွင် မှတ်တမ်းတင်ခြင်း လုပ်ငန်း များကို ဆောင်ရွက်ခြင်း၊

**ရှေးဟောင်းပစ္စည်းများ မှတ်တမ်းပြုစုရေးဆပ်ကော်မတီမှ–**

- မြောက်ဦးဌာနခွဲ စတိုခန်းအတွင်း စုဆောင်းထားသော ပစ္စည်းများအား စာရင်းကောက်ယူခြင်း၊ လက်ကောက်ဈေးနှင့် ဘူးရွက်မညိုးကျေးရွာများမှ ဘုန်းကြီးကျောင်းများ၊ ဘုရားပေါ် ကျောင်းအတွင်းရှိ ရှေးဟောင်းပစ္စည်းများ စာရင်းကောက်ယူခြင်း၊ ပြတိုက် Caption များ ပြုလုပ်ခြင်း၊ Inventory ကောက်ယူထားသော ရှေးဟောင်းအဆောက်အဦများအား Auto Card ဖြင့် ပုံထုတ်ရေးဆွဲခြင်း၊ ရှေးဟောင်းပစ္စည်း အချက်အလက်များအား စာရင်း ပြုစုဆောင်ရွက်ခြင်း၊ ကွင်းဆင်းခြင်းလုပ်ငန်းမှရရှိသော အချက်အလက်များအား အစီရင်ခံစာ ရေးသားခြင်း

**ရှေးဟောင်းအဆောက်အအုံများ မှတ်တမ်းပြုစုရေးဆပ်ကော်မတီမှ–**

- Inventory ကောက်ယူထားသော ရှေးဟောင်းအဆောက်အဦများအား Auto Card ဖြင့် ပုံထုတ်ရေးဆွဲခြင်း၊
- သက္ကျမာရ်အောင်စေတီနှင့် ကိုးသောင်းပုထိုးတော်ကြီးတို့အား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း မြောက်ဦးနန်းတော်ရာကုန်းအား တူးဖော်သုတေသနပြုခြင်း၊ တူးဖော်တွေ့ရှိသော ပစ္စည်းများအား ပုံထုတ်ရေးဆွဲခြင်း၊ ရှေးဟောင်းအဆောက်အဦများတွင် နံပါတ်စာပါသော ကျောက်တိုင်များ စိုက်ထူခြင်း

**ယဉ်ကျေးမှုအမွေအနှစ် ပညာပေးရေးလုပ်ငန်းအဖွဲ့မှ –**

- ရပ်ကွက်များရှိ အများပြည်သူများအား အသိပညာပေးဟောပြောခြင်း၊
- (၁၆–၁–၂၀၁၉) ရက်နေ့မှ (၂၉–၁–၂၀၁၉) ရက်နေ့အထိ မြို့သစ်ရပ်ကွက်နှင့် ထမ္မရာဇ် ရပ်ကွက်များရှိ ပြည်သူများအား အသိပညာပေးဟောပြောပွဲနှင့် ၁/၂၀၁၈ သင်တန်းသား/သင်တန်းသူများအား Awareness on Nomination Process Workshop Chapter 2 သင်တန်းကို ပို့ချခဲ့ပါသည်။

**ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ မှတ်တမ်းပြုစုရေးဆပ်ကော်မတီမှ–**

- ကွင်းဆင်းမှတ်တမ်းကောက်ယူထားမှုများအပေါ် အစီရင်ခံစာရေးသားပြုစုခြင်း၊
- အောင်တပ်ရပ်ကွက်ရှိ ရခိုင်ရိုးရာလှေ(လှောင်း)ပြုလုပ်ခြင်းလုပ်ငန်းအား မှတ်တမ်းတင်ခြင်း၊
- အောင်တပ်၊ မြို့သစ်နှင့် ရတနာပုံရပ်ကွက်ရှိ ဝါးဖြင့်ပြုလုပ်သော လက်မှုလုပ်ငန်းများနှင့် သိုက် (ခေါ်) လက်စွဲချိန်ခွင်အား ကွင်းဆင်းလေ့လာခြင်း၊
- ရခိုင်ရိုးရာ ရခိုင်အမည်ပေးခြင်းဓလေ့အား လေ့လာမှတ်တမ်းတင်ခြင်း၊
- မြောက်ဦးမြို့၊ ကြက်ဈေးရပ်ကွက်ရှိ သင်္ဂဇာ(စပ်ပန်းချီ)လုပ်ငန်းအား မှတ်တမ်းတင်ခြင်းနှင့် မြေစိုက်တလား ပြုလုပ်ပုံတို့ကို ကွင်းဆင်းမှတ်တမ်းကောက်ယူခြင်း၊
- ရခိုင်ရိုးရာအိမ်ဆောက်လုပ်ခြင်းအား ကွင်းဆင်းလေ့လာခြင်း၊
- ရခိုင်ရိုးရာဆန်အရက်ချက်လုပ်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ သမိုင်းကြောင်းဆိုင်ရာ အထောက်အထားများ မှတ်တမ်းပြုစုခြင်း၊

- 

**ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့မှ–**

- နန်းတော်ရာကုန်းအား သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်ခြင်း၊
- ကိုးသောင်းပုထိုးတော်ကြီး လိုဏ်ပတ်လမ်းရှိ အမိုးများပြုပြင်ခြင်းနှင့် သက္ကျမာရ်အောင် စေတီတော်အား ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက်ခြင်း၊
- ရှေးဟောင်းအဆောက်အအုံများပြုပြင်ထိန်းသိမ်းနိုင်ရန်အတွက် Drawing ရေးဆွဲခြင်း လုပ်ငန်းများဆောင်ရွက်ခြင်း၊

**တူးဖော်ရေးလုပ်ငန်းအဖွဲ့မှ–**

- နန်းတော်ရာကုန်းအရှေ့ဘက်ခြမ်း၊ ဝေသာလီမြို့ဟောင်း ကုန်းအမှတ်(၅)တူးဖော်ထိန်းသိမ်းခြင်းနှင့် အောင်မင်္ဂလာခံတပ်၊ အမြင့်တောင်ခံတပ်နှင့်တံတိုင်းတို့အား တူးဖော်သုတေသနပြုလုပ်ခြင်း လုပ်ငန်းများဆောင်ရွက်ခြင်း၊

## နယ်စပ်ဆိုင်ရာကိစ္စရပ်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်ဆက်ဆံရေး

### တပ်ရင်းမှူးအဆင့်/ကွပ်ကဲရေးမှူးအဆင့်တွေ့ဆုံဆွေးနွေးခြင်း

- ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၌(၂၁–၁–၂၀၁၉) ရက်နေ့တွင် နှစ်နိုင်ငံကွပ်ကဲရေးမှူးအဆင့် တွေ့ဆုံဆွေးနွေးပွဲ (၁)ကြိမ်
- ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်း၌ (၃–၃–၂၀၁၉) ရက်နေ့၊ (၁၁–၃–၂၀၁၉)နှင့် (၁၈–၄–၂၀၁၉) ရက်နေ့တို့တွင် တပ်ရင်းမှူးအဆင့် တွေ့ဆုံဆွေးနွေးပွဲ (၃)ကြိမ် ပြုလုပ်ခဲ့ပါသည်။

### တွေ့ဆုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ

- (၆)ကြိမ်မြောက် မြန်မာ–ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များအကြား အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို (၆–၄–၂၀၁၉)ရက်နေ့မှ (၁၀–၄–၂၀၁၉)ရက်နေ့အထိ နေပြည်တော်၌ ကျင်းပခဲ့ပါသည်။
- မြန်မာ– ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ်အနီးတွင် မြန်မာဘက်မှ ကွန်ကရစ် ခြံစည်းရိုးတိုင်များ ဆောက်လုပ်နေကြောင်း ဘင်္ဂလားဒေ့ရှ်ဘက်မှ သံတမန်စာပေးအပ်ခဲ့မှုနှင့် ပတ်သက်၍ ခြံစည်းရိုးဆောက်လုပ်မှုသည် Non Construction zone ပေ (၁၅၀)အတွင်း မကျရောက်ကြောင်း၊ မြန်မာနိုင်ငံဘက်ခြမ်းအတွင်း၌ နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေးနှင့် ခိုးဝင်ခိုးထွက်မှုများ၊ လုံခြုံရေးကျိုးပေါက်မှုများ မဖြစ်စေရေးအတွက် ခြံစည်းရိုးကာရံခြင်းဖြစ်ကြောင်း၊ ရန်ကုန်မြို့ရှိ ဘင်္ဂလားဒေ့ရှ်သံရုံးသို့ (၂၈–၁–၂၀၁၉)ရက်နေ့တွင် ပြန်ကြားခဲ့ပါသည်။



ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးနှင့်အဖွဲ့ မောင်တောဒေသသို့ သွားရောက်ခြင်း

- (၂၄-၁-၂၀၁၉)ရက်နေ့တွင် မြန်မာ- ဘင်္ဂလားဒေ့ရှ် နယ်နိမိတ်မှတ်တိုင်(၄၁)အနီး ဘင်္ဂလားဒေ့ရှ် နယ်နိမိတ်အတွင်းပိုင်းမှ မြန်မာဘက် ရဲကင်းစခန်း(၁)ခုသို့ အကြမ်းဖက်ပစ်ခတ်မှုကိစ္စနှင့် စပ်လျဉ်း၍ ဘင်္ဂလားဒေ့ရှ်ဘက်မှ စွပ်စွဲပြောကြားချက်ကိုလည်း ပြတ်ပြတ်သားသားတုံ့ပြန်ကြောင်း စာတစ်စောင်ကို (၁၁-၃-၂၀၁၉)ရက်နေ့တွင် ရန်ကုန်မြို့ရှိ ဘင်္ဂလားဒေ့ရှ်သံရုံးသို့ ပေးပို့ခဲ့ပါသည်။
- ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးနှင့် အဖွဲ့၏ (၂၀-၅-၂၀၁၉)ရက်နေ့မှ (၂၄-၅-၂၀၁၉)ရက်နေ့အထိ ခရီးစဉ်တွင် ရခိုင်ပြည်နယ်သို့ သွားရောက် ၍ IDPစခန်းများ၊ မောင်တော၊ ဘူးသီးတောင်ဒေသ ကျေးရွာများသို့ သွားရောက်နိုင်ရန် ဆောင်ရွက်ပေးခဲ့ပါသည်။

## မြန်မာ-ဘင်္ဂလားဒေ့ရှ်နိုင်ငံကြားကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| | | |
|---|---|---|
| စစ်တွေ ကုန်သွယ်ရေးစခန်း | ယခင်နှစ်(၂၉-၁၂-၂၀၁၇)ရက်နေ့မှ (၉-၈-၂၀၁၈)ရက်နေ့အထိ အမေရိကန်ဒေါ်လာ(၅၉.၂၈၄)သန်း | ယခုနှစ်(၂၉-၁၂-၂၀၁၈)ရက်နေ့မှ (၉-၈-၂၀၁၉)ရက်နေ့အထိ အမေရိကန်ဒေါ်လာ(၇.၀၆၃)သန်း |
| မောင်တော ကုန်သွယ်ရေးစခန်း | ယခင်နှစ်(၂၉-၁၂-၂၀၁၇)ရက်နေ့မှ (၉-၈-၂၀၁၈)ရက်နေ့အထိ အမေရိကန်ဒေါ်လာ(၉.၇၉၁)သန်း | ယခုနှစ်(၂၉-၁၂-၂၀၁၈)ရက်နေ့မှ (၉-၈-၂၀၁၉)ရက်နေ့အထိ အမေရိကန်ဒေါ်လာ(၆.၀၂၆)သန်း |

- ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ သဇင်မြေကုန်သွယ်မှု ဗဟိုဌာနတည်ဆောက်ခြင်းလုပ်ငန်းအတွက် Western Wave ကုမ္ပဏီနှင့် လုပ်ငန်းအပ်နှံ စာချုပ်ချုပ်ဆိုပြီး (၉-၂-၂၀၁၉) ရက်နေ့မှစ၍ တည်ဆောက်ခဲ့ရာ (၁၀၀%) ပြီးစီးပြီ ဖြစ်ပါသည်။



သဇင်မြေကုန်သွယ်မှုဗဟိုဌာနတည်ဆောက်ပြီးစီးမှု

## ဒေသတွင်းနိုင်ငံများနှင့်ဆက်ဆံရေး

### နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည်-

- (၂၈-၁-၂၀၁၉)ရက်နေ့တွင် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်၊ နိုင်ငံခြားရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး မစ္စတာ ငုယင်ကွတ်ဇွန်း ဦးဆောင်သောအဖွဲ့၊
- (၂၇-၂-၂၀၁၉)ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှမ်း၊

- (၈-၃-၂၀၁၉)ရက်နေ့တွင် ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာဒွန်ပရာမွန်းဝီနိုင်းဦးဆောင်သောကိုယ်စားလှယ်အဖွဲ့
- (၂၁-၃-၂၀၁၉)ရက်နေ့တွင် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဟီရိုတိုအိဇုမိ
- (၂၅-၃-၂၀၁၉)ရက်နေ့တွင် ဂျပန်အစိုးရ၏ မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာအထူးကိုယ်စားလှယ်နှင့် ဂျပန်နိပ္ပွန်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ မစ္စတာ ရိုဟေးဆာဆာကာဝါ



ဂျပန်နိုင်ငံဝန်ကြီးချုပ်၏အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဟီရိုတိုအိဇုမိ အား လက်ခံတွေ့ဆုံခြင်း

- (၈-၄-၂၀၁၉)ရက်နေ့တွင် မလေးရှားနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး H.E. Dato Saifuddin Abdullah
- (၂၄-၄-၂၀၁၉)ရက်နေ့တွင် ကျင်းပသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သမ္မတခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် နှစ်နိုင်ငံဆွေးနွေးပွဲတို့တွင် အသီးသီးလက်ခံတွေ့ဆုံရာ၌လည်းကောင်း



ဂျပန်အစိုးရ၏ မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် ဂျပန်နိပ္ပွန်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ မစ္စတာရိုဟေးဆာဆာကာဝါ အား လက်ခံတွေ့ဆုံခြင်း

- (၃-၅-၂၀၁၉)ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Mr. David Hale အားလည်းကောင်း
- (၁၄-၅-၂၀၁၉)ရက်နေ့တွင် နော်ဝေနိုင်ငံဝန်ကြီးချုပ်ဟောင်းနှင့် OSLO Centre for Peace, Democracy and Human Rights ၏ ဥက္ကဋ္ဌနှင့် မွန်ဂိုလီးယားနိုင်ငံသမ္မတဟောင်းတို့အား လည်းကောင်း
- (၁၄-၅-၂၀၁၉)ရက်နေ့တွင် လူသားချင်းစာနာထောက်ထားမှုရေးရာ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုရေးရာ ညှိနှိုင်းရေးမှူးရုံး (UNOCHA) ၏ အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူးအားလည်းကောင်း
- (၂၃-၅-၂၀၁၉)ရက်နေ့တွင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အားလည်းကောင်း
- (၂၇-၅-၂၀၁၉)ရက်နေ့တွင် အာဆီယံအတွင်းရေးမှူးချုပ်အားလည်းကောင်း
- (၁၃-၆-၂၀၁၉) ရက်နေ့တွင် ဥရောပသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်Mr.Eamon Gilmore အားလည်းကောင်း



ဥရောပသမဂ္ဂ၏လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံခြင်း

- (၂၄-၆-၂၀၁၉)ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာအထူး ကိုယ်စားလှယ် မစ္စတာစွန်းဂေါ်ရှမ်းအားလည်းကောင်း
- (၁၅-၇-၂၀၁၉)ရက်နေ့တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အား လည်းကောင်း



ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံခြင်း

- (၃၁-၇-၂၀၁၉)ရက်နေ့တွင် ဂျပန်နိုင်ငံ၊ နိုင်ငံခြားရေး ဝန်ကြီးအားလည်းကောင်း
- (၁၄-၈-၂၀၁၉) ရက်နေ့တွင် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဌာန၊အာရှရေးရာအထူးကိုယ်စားလှယ်မစ္စတာစွန်းဝေါ်ရှန်း အား လည်းကောင်း အသီးသီးလက်ခံတွေ့ဆုံပြီး ရခိုင် ပြည်နယ်အရေးနှင့်စပ်လျဉ်း၍ အစိုးရ၏ဆောင်ရွက်နေမှု များ၊ဖြစ်ပေါ်တိုးတက်မှုများကိုရှင်းလင်းပြောကြားခဲ့ပါသည်။



တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး ဌာနမှ အထူးကိုယ်စားလှယ် မစ္စတာစွန်းဝေါ်ရှမ်း အား လက်ခံတွေ့ဆုံခြင်း

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ပခရီးစဉ်များအတွင်း-

- (၃-၆-၂၀၁၉) ရက်နေ့တွင် ချက်သမ္မတနိုင်ငံခရီးစဉ် အတွင်း ပရာ့ဂ်မြို့ရှိ Charles University ၌ “ဒီမိုကရေစီ စနစ်သို့ အသွင်ကူးပြောင်းမှုတွင် ကြုံတွေ့ရသော စိန်ခေါ် မှုများ” ခေါင်းစဉ်ဖြင့် ဟောပြောပို့ချခြင်း၊
- (၅-၆-၂၀၁၉)ရက်နေ့တွင် ဟန်ဂေရီနိုင်ငံခရီးစဉ်အတွင်း ဟန်ဂေရီနိုင်ငံဝန်ကြီးချုပ် Mr. Viktor Orban ၊ နိုင်ငံခြား ရေးနှင့်ကုန်သွယ်ရေးဝန်ကြီး Mr. Peter Szijjarto တို့နှင့် သီးခြားတွေ့ဆုံရာတွင်လည်းကောင်း၊
- (၆-၆-၂၀၁၉)ရက်နေ့ ဟန်ဂေရီနိုင်ငံ National University of Public Service ၌ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဟောပြောပို့ချမှုများတွင် လည်းကောင်း
- (၂၁-၆-၂၀၁၉)ရက်နေ့တွင်အာဆီယံနိုင်ငံခြားရေးဝန်ကြီး များ၏ အလုပ်သဘောညစာစားပွဲတွင် လည်းကောင်း၊
- (၂၂-၆-၂၀၁၉)ရက်နေ့မှ (၂၃-၆-၂၀၁၉) ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့တွင် ကျင်းပခဲ့သော(၃၄)ကြိမ် မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင်လည်းကောင်း ရခိုင်ပြည်နယ်အရေးနှင့်စပ်လျဉ်း၍ အစိုးရ၏ဆောင်ရွက်နေမှုများ၊ ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းပြောကြားခဲ့ပါသည်။



ဟန်ဂေရီနိုင်ငံ၊ နိုင်ငံခြားရေးနှင့်ကုန်သွယ်ရေး ဝန်ကြီးတို့နှင့်တွေ့ဆုံဆွေးနွေးခြင်း





(၃၄)ကြိမ်မြောက်အာဆီယံထိပ်သီးအစည်းအဝေး (၂၂-၆-၂၀၁၉) ရက်နေ့မှ (၂၃-၆-၂၀၁၉)ရက်နေ့ထိ

အစီရင်ခံသည့်ကာလအတွင်း သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် လည်း နိုင်ငံတကာအစိုးရများ၊ အဖွဲ့အစည်းများမှတာဝန်ရှိသူများအား လက်ခံတွေ့ဆုံရာတွင် လည်းကောင်း၊ နိုင်ငံတကာတွင် ပြုလုပ်ကျင်းပခဲ့သည့် အစည်းအဝေးများတွင်လည်းကောင်း ရခိုင်ပြည်နယ်ဆိုင်ရာ ဖြစ်ပေါ် တိုးတက်မှုများနှင့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ ကြပါသည်။

မြန်မာနိုင်ငံနှင့် ဒေသတွင်းနိုင်ငံများအကြား ဆက်ဆံရေး တိုးမြှင့်သည့်အနေဖြင့် မူဝါဒရေးရာ ညှိနှိုင်းဆွေးနွေးပွဲ၊ လူ့အခွင့်အရေးဆွေးနွေးပွဲနှင့် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဆွေးနွေးပွဲ များကိုလည်းပြုလုပ်ခဲ့ပါသည်။

## ရခိုင်ပြည်နယ် ခရီးစဉ်များနှင့်စပ်လျဉ်း၍-



ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့်အဖွဲ့ စစ်တွေမြို့၊ သက္ကေပြင်ကျေးရွာ IDP စခန်းအတွင်းလှည့်လည်ကြည့်ရှုခြင်း

- ဂျပန်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Ms. Toshiko Abe နှင့် အဖွဲ့သည် (၁၅-၁-၂၀၁၈) ရက်နေ့တွင်လည်းကောင်း
- အီးယူ (Generalized Scheme Preference -GSP/ Everything but Arms-EBA) ကိုယ်စားလှယ် အဖွဲ့သည် (၁၈-၂-၂၀၁၈) ရက်နေ့ တွင်လည်းကောင်း
- တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှမ်း နှင့်အဖွဲ့သည် (၂၆-၂-၂၀၁၈)ရက်နေ့တွင်လည်းကောင်း
- ဂျပန်နိုင်ငံမှ နိပွန်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ မစ္စတာရိုဟေးဆာ ဆာကာဝါသည်(၂၂-၃-၂၀၁၈)ရက်နေ့ တွင်လည်းကောင်း
- အမေရိကန်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် (၂-၅-၂၀၁၈) ရက် နေ့တွင်လည်းကောင်း
- လူသားချင်းစာနာထောက်ထားမှုရေးရာ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှုရေးရာ ညှိနှိုင်းရေးမှူးရုံး (UNOCHA)၏ အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူးသည် (၁၄-၅-၂၀၁၈) ရက်နေ့တွင်လည်းကောင်း
- UNDP နှင့် UNHCR လေ့လာရေးအဖွဲ့များအား ကျေးရွာအုပ်စု (၆)စုမှ ကျေးရွာပေါင်း (၁၄)ရွာသို့ (၂၂-၆-၂၀၁၈)ရက်နေ့မှ (၁၃-၇-၂၀၁၈)ရက်နေ့အထိလည်းကောင်း
- မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် Ms. Christine Schraner Burgener မှ ပေါက်တော မြို့နယ်အတွင်းရှိ IDP စခန်းများသို့ (၂၃-၁-၂၀၁၈)ရက်နေ့တွင်လည်းကောင်း
- ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့်အဖွဲ့သည် (၁၀-၇-၂၀၁၈)ရက်နေ့မှ(၁၂-၇-၂၀၁၈)ရက်နေ့အထိလည်းကောင်း ရခိုင်ပြည်နယ်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များ၊ ပညာသင်ကြားနေမှုများ၊ ကျန်းမာရေး စောင့်ရှောက်ပေးမှု အခြေအနေ၊ လတ်တလောအခြေအနေများ ဖြေရှင်းဆောင်ရွက်ပေးမှု အခြေအနေများနှင့်စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းခြင်း၊ သွားရောက်လေ့လာဆွေးနွေးခြင်းလုပ်ငန်းများအတွက် ဆောင်ရွက်ပေးခဲ့ပါသည်။

## အာဆီယံနှင့်ပူးပေါင်းဆောင်ရွက်မှု

- အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် AHA Centre တို့မှ ကိုယ်စားလှယ်များပါဝင်သောအဖွဲ့သည် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ ကနဦးဆန်းစစ်ချက် ဆောင်ရွက်နိုင်ရန် ညှိနှိုင်း ဆွေးနွေးမှုများပြုလုပ်ရန်အတွက် (၄-၂-၂၀၁၈)ရက်နေ့မှ (၇-၂-၂၀၁၈)ရက်နေ့အထိ ရခိုင် ပြည်နယ် သို့ သွားရောက်ခဲ့ပါသည်။
- အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် AHA Centre တို့မှ အဖွဲ့ဝင်(၁၀)ဦး ပါဝင်သည့် ASEAN-Emergency Response and Assessment Team (ASEAN-ERAT) အဖွဲ့သည် (၄-၃-၂၀၁၈) ရက်နေ့မှ (၁၃-၃-၂၀၁၈) ရက်နေ့အထိ မောင်တောမြို့နယ်ရှိ ပြန်လည် လက်ခံရေးစခန်းများနှင့် ပြန်လည်နေရာချထားမည့် ကျေးရွာများသို့ သွားရောက်လေ့လာ၍ ပြန်လည်လက်ခံရေးဆိုင်ရာ ကနဦးလေ့လာဆန်းစစ်ချက် (Preliminary Needs Assessment) ပြုလုပ်ခဲ့ပါသည်။

## ကော်မရှင်၏ အကြံပြုချက်များအား အကောင်အထည်ဖော်ဆောင်ရွက်မှု






- ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို(၆-၅-၂၀၁၉) ရက်နေ့မှ (၇-၅-၂၀၁၉)ရက်နေ့အထိ ကျင်းပခဲ့ရာ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးဘုတ်အဖွဲ့ဝင် Rt. Hon. Lord Darzi of Denham ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံ လူသားချင်းစာနာမှု ညှိနှိုင်းရေးမှူးရုံး (AHA Centre)တို့မှ ကိုယ်စားလှယ်များ အပါအဝင် ကော်မတီဝင်များတက်ရောက်ခဲ့ပြီး ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များပေါ် သုံးသပ်ခြင်းနှင့် သတင်းစာရှင်းလင်းပွဲတို့ကို ပြုလုပ်ခဲ့ပါသည်။
- ကော်မတီစတင်ဖွဲ့စည်းအကောင်အထည်ဖော်သည့် ၂၀၁၇ ခုနှစ် စက်တင်ဘာလမှ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအထိ လုပ်ငန်းဆောင်ရွက်မှုများကို အစီရင်ခံစာ(၄)ကြိမ်ဖြင့် ပြည်သူများသို့ နိုင်ငံပိုင် သတင်းစာများမှတဆင့် အသိပေးတင်ပြနိုင်ခဲ့ပြီး၊ ယခုအစီရင်ခံစာတွင် ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ (၈)လတာ ကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုများကို ပဥ္စမအကြိမ်မြောက် ပြည်သူသို့ တင်ပြခြင်းဖြစ်ပါသည်။